ELEVEN
14 THURSDAY SPORTS JOURNAL





# အေစီ၊ မန်ယူ ဘာစီလိုနာ . .

## ဥရောပအသင်းကြီးတွေရဲ့ နည်းပြသင်ခန်းစာ

ဘောလုံးအသင်းတစ်သင်းမှာ ပွဲတစ်ပွဲရဲ့အနိုင်အရှုံးကို အဓိကကိုယ်တိုင်ကိုယ်ကျဖန်တီးသူတွေက ကစားသမားတွေဆိုပေမယ့် ဒီကစားသမားတွေကို လူမှန်နေရာမှန်အသုံးပြုရတဲ့နည်းပြတစ်ဦးရဲ့အခန်းကဏ္ဍက ပိုပြီးအရေးပါတယ်ဆိုရင် မမှားနိုင်ပါဘူး။ နည်းပြတစ်ဦးဟာ အသင်းတစ်သင်းကို လိုရာလမ်းကြောင်းရောက်အောင်ပို့ဆောင်ပေးရတဲ့ ပဲ့ကိုင်တစ်ဦးဆိုရင်လည်း မှန်ကန်ပါလိမ့်မယ်။ နည်းပြတစ်ဦးရဲ့အတွေးအခေါ်၊ အယူအဆ၊ ဆုံးဖြတ်ချက်တွေဟာ အသင်းတစ်သင်းရဲ့အောင်မြင်မှု၊ ကျရှုံးမှုအတွက်လည်း တိုက်ရိုက်အချိုးကျနေပါလိမ့်မယ်။ ဒါကို ဒီရာသီဥရောပအသင်းကြီး(၃)သင်းရဲ့ လက်တွေ့အဖြစ်အပျက်တွေက သက်သေခံနေတယ်လို့ ဆိုရပါမယ်။ အေစီမီလန်အသင်းဆိုတာ စီးရီးအေဘောလုံးလောကမှာသာမက ဥရောပဘောလုံးလောကမှာပါ အောင်မြင်မှုတွေ များစွာရယူထားတဲ့ အသင်းကြီးတစ်သင်းဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ဒုတိယအအောင်မြင်ဆုံးအသင်းလည်းဖြစ်ပါတယ်။ ဆက်ဒိုး ကာပယ်လို၊ အန်ဆယ်လော့တီအစရှိတဲ့ နာမည်ကြီးနည်းပြတွေနဲ့ ပြည်တွင်းအောင်မြင်မှု၊ ပြည်ပအောင်မြင်မှုတွေရယူခဲ့တဲ့အေစီမီလန်အသင်းဟာ လက်ရှိအချိန်မှာတော့ ထိပ်တန်းအဆင့်ကစားသမားတွေကိုပိုင်ဆိုင်ထားပေမယ့် အသင်းကြီးတစ်သင်းနဲ့မလျော်ညီတဲ့ အဆင့်ကိုရောက်ရှိနေပါတယ်။ ထိပ်တန်းနည်းပြတစ်ဦးအဖြစ်သတ်မှတ်လို့မရသေးတဲ့ အယ်လီဂရီလက်အောက်မှာ အေစီမီလန်အသင်းဟာ စီးရီးအေဖလားတစ်လုံးရခဲ့ပေမယ့် နောက်ပိုင်းမှာတော့ အသင်းကြီးတစ်သင်းရသင့်တဲ့အောင်မြင်မှုတွေကို မရဘဲယိမ်းယိုင်လာခဲ့ပါတယ်။ ဒီအချိန်မှာ အသင်းတာဝန်ရှိသူတွေဟာ နည်းပြအတွေ့အကြုံလုံးဝမရှိတဲ့ ကစားသမားဟောင်းဆီးဒေါ့ဖ်ရဲ့လက်ထဲကို အသင်းကိုပုံအပ်ခဲ့ပါတယ်။ ဒီအချိန်မှာ အသင်းဟာ အမြင့်ကိုမရောက်လာရုံသာမကဘဲ လက်ရှိမှာဥရောပဝင်ခွင့်တောင်မသေချာတဲ့အနေအထားကို ရောက်နေခဲ့ပါပြီ။ မန်ယူက ဖာဂူဆန်လို ပုံရိပ်ကြီးတစ်ခုရဲ့နေရာမှာအစားထိုးဖို့ မော်ရင်ဟို၊ ကာပယ်လို၊ ဂွါဒီယိုလာတို့လို ထိပ်တန်းနည်းပြမဟုတ်ဘဲ အဲဗာတန်မှာ ဖလားတစ်လုံးမှမရဖူးတဲ့ မိုယက်စ်လက်ထဲအသင်းကိုထိုးထည့်ခဲ့ပါတယ်။ နောက်ဆုံးတော့ ရလဒ်ဆိုးတွေ တစ်ရာသီလုံးကြုံတွေ့ခဲ့ရပြီး စံချိန်မှတ်တမ်းဆိုးတွေရရှိလာပြီးနောက်မှာ မိုယက်စ်ကိုပြန်ရှင်းထုတ်ဖို့ ကြိုးစားခဲ့ရပါတယ်။ မိုယက်စ်ကိုထုတ်ပယ်ပြီး ဝါရင့်ကစားသမားရိုင်ယန်ဂစ်ကို ယာယီနည်းပြအဖြစ်ခန့်အပ်ခဲ့တော့လည်း အသင်းက သိပ်မဟန်သေးပါဘူး။ ပထမဆုံးပွဲမှာသာ နော့ဝစ်ချ်ကိုဂိုးပြတ်အနိုင်ရပြီး နောက်တစ်ပွဲမှာ ဆန်းဒါးလန်းကို အိမ်ကွင်းရှုံးပွဲတွေ့ခဲ့ရတယ်။ အေစီမီလန်၊ မန်ယူအသင်းတွေရဲ့နောက် နည်းပြတစ်ဦးရဲ့အခန်းကဏ္ဍကို တန်ဖိုးမထားလို့ သင်ခန်းစာကြုံတွေ့ခဲ့ရတဲ့အသင်းကတော့ ဘာစီလိုနာပါ။ မက်ဆီ၊ နေမာ၊ အင်နီယေစတာ၊ ဇာဗီ၊ အဲလ်ဗတ်စ်အစရှိတဲ့ကစားသမားတွေနဲ့ အကောင်းဆုံးစုဖွဲ့မှုကို ပိုင်ဆိုင်ထားတဲ့ ဘာစီလိုနာအသင်းဟာ ဒီရာသီမှာတော့ ချန်ပီယံလိဂ်ပြိုင်ပွဲကို လာလီဂါပြိုင်ဘက်အသင်းတစ်သင်းရဲ့ထိုးနက်မှုနဲ့အတူ နှုတ်ဆက်ခဲ့ရပြီဖြစ်ပြီး လာလီဂါချန်ပီယံဆုကိုလည်း လက်လွှတ်ရဖို့ သေချာသလောက်ရှိနေပါတယ်။ ဂွါဒီယိုလာရဲ့နေရာမှာ မထင်မရှားနည်းပြတစ်ဦးကိုအစားထိုးခဲ့တဲ့ ဘာစီလိုနာအနေနဲ့ ဒီရာသီရလဒ်တွေအတွက် နည်းပြအပေါ်ကို အားလုံးမပုံချဘူးဆိုရင်တောင် အရင်ရာသီတွေနဲ့မတူတဲ့အခြေအနေ တစ်ရပ်ကိုကြုံတွေ့နေရတာတော့ ငြင်းမရအောင်ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဘောလုံးပွဲတစ်ပွဲမှာ ကိုယ်တိုင်ကိုယ်ကျကစားရတဲ့ကစားသမားတွေရဲ့အခန်းကဏ္ဍကို လျှော့တွက်လို့မရသလို၊ ဒီကစားသမားတွေကို အကွက်ရွှေ့နေရာချရတဲ့နည်းပြတစ်ဦးရဲ့တန်ဖိုးကိုလည်း မေ့ထားလို့မရဘူးဆိုတာ ဥရောပအသင်းကြီး(၃)သင်းက သင်ခန်းစာကောင်းတစ်ခုပေးနေတယ်လို့ဆိုရမှာပါ။



First ELEVEN SPORTS JOURNAL

# ပြိုင်ပွဲစုံ၌ ဂိုး(၁၅၀)သွင်းယူခဲ့သည့် မန်စီးတီး ချယ်လ်ဆီးအသင်း တင်ရှိထားသော တစ်ရာသီအတွင်းဂိုးသွင်းအများဆုံးစံချိန်ကို ကျော်ဖြတ်



Photo : AFP

မန်စီးတီးအသင်းအတွက် ဂိုးများဆုံးသွင်းယူထားသူ အဂွေရို အဲဗာတန်နှင့်ပွဲတွင်ဂိုးသွင်းအပြီး အသင်းဖော်များနှင့်အောင်ပွဲခံနေစဉ်

ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ၌ စုစုပေါင်း(၁၅၀)ဂိုးအထိသွင်းယူနိုင်ခဲ့သည့် မန်စီးတီးအသင်းသည် ချယ်လ်ဆီးအသင်းတင်ရှိထားသော တစ်ရာသီအတွင်းဂိုးသွင်းအများဆုံးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ကြောင်းသိရသည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်စနေနေ့က အဲဗာတန်ကို(၃-၂)ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲတွင် ပြိုင်ပွဲစုံ၌သွင်းဂိုး(၁၅၀)ပြည့်ခဲ့ပြီး ပြီးခဲ့သည့်ရာသီက ချယ်လ်ဆီးအသင်းတင်ရှိထားသော (၁၄၇)ဂိုးစံချိန်ကိုချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် (၉၆)ဂိုးအထိသွင်းယူထားနိုင်ခဲ့သလို အခြားသောပြိုင်ပွဲအရပ်ရပ်၌(၅၄)ဂိုးသွင်းယူနိုင်ခဲ့ကြောင်းသိရသည်။ မန်စီးတီးအသင်းအတွက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူအဖြစ် တိုက်စစ်မှူးအဂွေရိုက(၂၈)ဂိုးဖြင့် ဦးဆောင်နေပြီး ၎င်း၏နောက်တွင်ဇီကို(၂၄ဂိုး)၊ နီဂရီဒိုနှင့်ယာယာတိုရေး(၂၃ဂိုးစီ)တို့က အသီးသီးရပ်တည်လျက်ရှိနေသည်။ မန်စီးတီးအသင်းအနေဖြင့် ယခုနှစ်ရာသီ ပြိုင်ပွဲစုံတွင် အိမ်ကွင်း၌ကစားခဲ့သောပွဲစဉ်(၁၇)ပွဲတွင် (၃)ဂိုးနှင့်အထက်သွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပွဲစဉ်(၁၇)ပွဲတွင် (၅၇)ဂိုးအထိသွင်းယူနိုင်ခဲ့သလို၊ ယင်းပွဲများအနက် တစ်ပွဲသာဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိကြောင်းသိရသည်။ ထို့ပြင် မန်စီးတီးအသင်းသည် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ပွဲလျှင်ပျမ်းမျှ(၂.၇၁)မှတ်အထိရယူနိုင်ခဲ့ပြီး ယင်းအမှတ်မှာရင်းတို့အတွက်စံချိန်တင်ဖြစ်ခဲ့သည့်အပြင်၊ ပရီးမီးယားလိဂ်အမှတ်ပေးဇယားတွင်(တနင်္လာနေ့ပွဲစဉ်မတိုင်မီ) လီဗာပူးလ်အသင်းနှင့် အမှတ်တူဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံး၌ဦးဆောင်လျက်ရှိနေသည်။

မန်စီးတီးအသင်းသည် ရာသီလက်ကျန်ပွဲစဉ်များအဖြစ် ဗီလာ(အိမ်)၊ ဝက်စ်ဟမ်း(အဝေး)တို့နှင့်ကစားရန် ရှိနေပြီး ယင်းပွဲများတွင်အနိုင်ရရှိခဲ့ပါက ယမန်နှစ်ကလက်လွှတ်ခဲ့ရသည့် ပရီးမီးယားလိဂ်ဖလားကို ပြန်လည်ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

| ယခုနှစ်ရာသီ မန်စီးတီးအသင်း၏ သွင်းဂိုးမှတ်တမ်း | | | | |
|---|---|---|---|---|
| သွင်းဂိုး | - | (၁၅၀) | ဂိုး | ပရီးမီးယားလိဂ်တွင်ဂိုးအပြတ်ဆုံးပွဲများ |
| ပွဲပေါင်း | - | (၅၅) | ပွဲ | |
| ပရီးမီးယားလိဂ်ဂိုး | - | (၉၆) | ဂိုး | မန်စီးတီး ၇-၀ နောဝစ်ျ |
| အခြားပြိုင်ပွဲသွင်းဂိုး | - | (၅၄) | ဂိုး | မန်စီးတီး ၆-၀ စပါး |
| ဂိုးသွင်းထားသူများ | - | အဂွေရို (၂၈) | ဂိုး | မန်စီးတီး ၆-၃ အာဆင်နယ် |
| | - | ဇီကို (၂၄) | ဂိုး | စပါး ၁-၅ မန်စီးတီး |
| | - | နီဂရီဒို (၂၃) | ဂိုး | မန်စီးတီး ၅-၀ ဖူလ်ဟမ် |

## ပရီးမီးယားလိဂ်တွင် ဆောက်သမ်တန် စံချိန်တင်ရမှတ်ရရှိ

ဆောက်သမ်တန်အသင်းသည် ဆွမ်ဆီးအသင်းကို(၁-၀)ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်တွင်စံချိန်တင်ရမှတ်ရရှိခဲ့ကြောင်းသိရသည်။ ဆောက်သမ်တန်အသင်းသည် လက်ရှိအချိန်တွင်စုစုပေါင်းရမှတ်(၅၅)မှတ်ရရှိခဲ့ပြီး ၁၉၉၄-၉၅ရာသီကတင်ရှိခဲ့သည့်(၅၄)မှတ်စံချိန်ကိုချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဆောက်သမ်တန်အသင်းမှာ ပရီးမီးယားလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၈)နေရာ၌ရပ်တည်နိုင်ခဲ့ပြီး ၂၀၀၂-၀၃ရာသီနောက်ပိုင်း ၎င်းတို့၏အမြင့်ဆုံးရပ်တည်မှုဖြစ်ခဲ့ကြောင်းသိရသည်။

## မန်ယူမှထွက်ခွာဖွယ်ရှိဟု ရိုင်ယန်ဂစ်ဝန်ခံ

မန်ယူအသင်း၏ ယာယီနည်းပြရိုင်ယန်ဂစ်က အနာဂတ်တွင်ထိပ်သီးအသင်းတစ်သင်း၌နည်းပြအဖြစ်ဆောင်ရွက်ရန် မန်ယူမှထွက်ခွာရန်ဆန္ဒရှိနေကြောင်း ဝန်ခံပြောကြားခဲ့သည်။ အသက်(၄၀)နှစ်အရွယ်ရှိပြီဖြစ်သူရိုင်ယန်ဂစ်သည် မန်ယူအသင်းကိုရာသီကုန်အထိကိုင်တွယ်သွားမည်ဖြစ်ပြီး အကယ်၍ မန်ယူအသင်းသာဗန်ဟားလ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ပါက အသင်းမှထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။ မန်ယူအသင်းတွင် နှစ်ပေါင်း(၂၀)ကျော်ကစားခဲ့သူဂစ်သည် အသင်းနှင့်အတူဆုဖလားပေါင်းများစွာရယူနိုင်ခဲ့သူလည်းဖြစ်သည်။

## အာဆင်နယ်အသင်းသို့ ရီမီပြောင်းရွှေ့ဖွယ်ရှိနေ

နယူးကာဆယ်အသင်းတိုက်စစ်မှူးရီမီသည် အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ရန်နီးစပ်နေပြီဖြစ်ကြောင်း ဗြိတိန်မီဒီယာများကဖော်ပြလျက်ရှိနေကြသည်။ ပြင်သစ်တိုက်စစ်မှူးရီမီသည် QPR အသင်းမှနယူးကာဆယ်အသင်းထံအငှားဖြင့်လာရောက်ကစားနေသူဖြစ်ပြီး ယခုနွေရာသီတွင် QPR မှထွက်ခွာရန်နီးစပ်နေသူဖြစ်သည်။ ထို့ပြင် ရီမီအနေဖြင့် နယူးကာဆယ်နှင့်စာချုပ်သက်တမ်းတိုးရန်ဆန္ဒမရှိဖြစ်နေပြီး ပြီးခဲ့သည့်အာဆင်နယ်-ဝက်စ်ဘရွန်းပွဲတွင် အီမရိတ်စ်ကွင်း၌လာရောက်ကြည့်ရှုခဲ့သဖြင့် ယခုကဲ့သို့သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

## ဧပြီလအတွက် ဘာကလေပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို ခရစ္စတယ်ပဲလေ့စ်နည်းပြပူးလစ်နှင့် ဆန်းဒါးလန်းတိုက်စစ်မှူးဝစ်ခ်ဟမ်းတို့ဆွတ်ခူး

ဧပြီလအတွက် ဘာကလေပရီးမီးယားလိဂ်အကောင်းဆုံးဆုများကို ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ တိုနီပူးလစ်နှင့် ဆန်းဒါးလန်းတိုက်စစ်မှူးကော်နာဝစ်ခ်ဟမ်းတို့ ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြတိုနီပူးလစ်သည် ပြီးခဲ့သည့်ဧပြီလအတွင်းက ကစားခဲ့သော ပရီးမီးယားလိဂ်(၅)ပွဲတွင် (၄)ပွဲအထိအနိုင်ရရှိအောင် စွမ်းဆောင်ခဲ့ပြီး အသင်းကို ပရီးမီးယားလိဂ်၌ ဆက်လက်ရပ်တည်စေနိုင်ခဲ့သဖြင့် အကောင်းဆုံးနည်းပြဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ တိုနီပူးလစ်အနေဖြင့် ယခုအကောင်းဆုံးနည်းပြဆုအား ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်ပြီး ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံး နည်းပြဆုရရှိရန် ရေပန်းစားနေသည့်နည်းပြများထဲတွင် ပါဝင်လျက်ရှိနေသည်။ ထို့အတူဆန်းဒါးလန်းအသင်းတိုက်စစ်မှူး ဝစ်ခ်ဟမ်းမှာလည်း ဧပြီလအတွင်းက ကစားခဲ့သော ပွဲစဉ်(၅)ပွဲတွင် (၅)ဂိုးသွင်းယူနိုင်ခဲ့ရာ အကောင်းဆုံးတိုက်စစ်မှူးအဖြစ်ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။



Photos : ActionImages

ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများရရှိခဲ့သည့် တိုနီပူးလစ်နှင့် ဝစ်ခ်ဟမ်

First Eleven Sports Journal Vol:14 No.48 8, May, 2014




သို့

First Eleven Sports Journal ခင်ဗျား . . .

ကျွန်တော်ကတော့ မန်ယူအသင်းရဲ့ထာဝရပရိသတ်တစ်ဦးပါ။ မန်ယူအသင်းကနေ ဖာဂူဆန်အနားယူချိန်မှာ ရလဒ်ဆိုးတွေကြုံတွေ့ရလိမ့်မယ်လို့ ကြိုတွေးတဲ့အတိုင်း ဖြစ်လာခဲ့ပါပြီ။ မိုယက်စ်လက်ထဲကို မန်ယူအသင်းရောက်ရှိလာကတည်းက ကျွန်တော် စိုးရိမ်ခဲ့တာပါ။ မိုယက်စ်ကိုထုတ်ပယ်ပစ်ခဲ့တဲ့ဆုံးဖြတ်ချက်ဟာ မှန်ကန်လိမ့်မယ်လို့ ယူဆပါတယ်။ ဖာဂူဆန် မန်ယူနည်းပြဘဝအစတုန်းကလည်း အခုလို ရလဒ်တွေဆိုးရွားခဲ့တယ်ဆိုပေမယ့် မိုယက်စ်ဟာ ဖာဂူဆန်လို ဂန္ထဝင်နည်းပြတစ်ဦးဖြစ်လာလိမ့်မယ်ဆိုတဲ့ အာမခံချက်မရှိပါဘူး။ မိုယက်စ်က မိုယက်စ်၊ ဖာဂူဆန်က ဖာဂူဆန်ပါ။ မန်ယူအသင်းပိုင်ရှင်ဂလေဇာမိသားစုအနေနဲ့လည်း ငွေကျစ်မနေဘဲ ကစားသမားကောင်းတွေ ခေါ်ယူသင့်နေပါပြီ။ အဓိက မန်ယူအသင်း ဒုက္ခရောက်သွားတာက ပြီးခဲ့တဲ့နွေရာသီတုန်းက ခေါ်သင့်တဲ့ကစားသမားမခေါ်ဘဲ ဖယ်လေနီတစ်ဦးတည်းကိုသာ ခေါ်ခဲ့တာကြောင့်ပါ။ အောင်မြင်မှုကို ငွေကြေးနဲ့ဝယ်ယူလို့မရဘူးလို့ဆိုနေကြပေမယ့် အောင်မြင်တဲ့အသင်းတစ်သင်းဖြစ်လာအောင်တော့ ငွေကြေးနဲ့တည်ဆောက်လို့ရပါတယ်။ မန်ယူတစ်ခေတ်ပြန်ဖြစ်ဖို့ အမြဲမျှော်လင့်နေမယ့် . . .။

*- ဖိုးထူး၊ ဗိုလ်ချုပ်လမ်း၊ ပြည်မြို့။*

First Eleven Sports Journal ခင်ဗျား . . .

Eleven အားကစားဂျာနယ်တွေက လောင်းကစားကိုဦးစားမပေးဘဲ ဘောလုံးအပြင် အခြားအားကစားနည်းတွေသာမက ပြည်တွင်းအားကစားပြိုင်ပွဲတွေကိုပါ စဉ်ဆက်မပြတ်ဖော်ပြပေးနေတဲ့အတွက် အပတ်စဉ်ဝယ်ယူအားပေးနေပါတယ်။ လောင်းကစားကိုဝါသနာပါသူတိုင်း ဘောလုံးကိုဝါသနာပါတာမှန်ပေမယ့် ဘောလုံးဝါသနာပါသူတိုင်းကတော့ လောင်းကစားသမားတွေမဟုတ်ပါဘူး။ ဒါကြောင့် Eleven အနေနဲ့လည်း လက်ရှိပုံစံကိုထိန်းသိမ်းပြီး သတင်း၊ ဆောင်းပါးအချက်အလက်တွေစုံလင်တဲ့ ဂျာနယ်ကောင်းတစ်ခုဖြစ်အောင် အမြဲကြိုးစားဖို့တိုက်တွန်းပါတယ်။ ဂျာနယ်မှာ ပွဲကြိုခန့်မှန်းစာမျက်နှာတွေကို တတ်နိုင်သလောက်ချုံ့ပြီး ပရိသတ်တွေကို အသိပညာတိုးစေတဲ့ ပညာပေးဆောင်းပါးတွေ များများစားစားထည့်သွင်းဖို့လည်း အကြံပေးချင်ပါတယ်။ တစ်လောကဖော်ပြခဲ့တဲ့ ဘောလုံးအခြေခံဆောင်းပါးမျိုးလည်း အခြားအားကစားနည်းတွေအတွက် ဖော်ပြပေးတာမြင်ချင်ပါတယ်။ တင်းနစ်၊ ဂေါက်၊ လက်ဝှေ့အစရှိတဲ့အားကစားနည်းတွေရဲ့ အခြေခံစည်းမျဉ်းတွေ၊ သမိုင်းကြောင်းအချက်အလက်တွေ၊ အသုံးပြုတဲ့ပစ္စည်းတွေအကြောင်းကို စုံစုံလင်လင်ဖတ်ချင်ပါသေးတယ်။

*- အောင်မြင့်ဦး၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာ။*

❑ *အလျဉ်းသင့်သလိုဖော်ပြပေးသွားပါမယ်။*

## BRIEF

❑ လီဗာပူးလ်အသင်းသည် အသင်းခေါင်းဆောင်ဂျရတ်ကို စာချုပ်သစ်ချုပ်ဆိုရန်စီစဉ်နေသည်။

❑ အာဆင်နယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်ကွင်းလယ်လူဒီယေဂိုရီဘတ်စ်အားခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သိရသည်။

❑ လီဗာပူးလ်နောက်ခံလူဟောင်း ကာရေဂါက စပါးအသင်းဥက္ကဋ္ဌ လီမိုင်း၏ အပြောင်းအရွှေ့မူဝါဒများကို ပြစ်တင်ပြောကြားလိုက်သည်။

ELEVEN SPORTS JOURNAL

**တာဝန်ခံအယ်ဒီတာ**
ဇင်မင်းမောင်
**အမှုဆောင်အယ်ဒီတာ**
ကျော်သူမြင့်
**အကြီးတန်းအယ်ဒီတာ**
ဇာနည်အောင်၊ နန္ဒဝန်ငြိမ်းချမ်း
**အယ်ဒီတာအဖွဲ့ဝင်**
နိုင်လင်း၊ အာကာ၊ ကျော်ရင်၊ ငြိမ်းကိုကိုစိုး
**သတင်းထောက်**
ညီညီစိုးညွန့်၊ သက်ထွန်းအောင်
**ပုံနှိပ်သူအမည်**
ဒေါက်တာသိန်းမြင့်
**မှတ်ပုံတင်အမှတ်**
ယာယီ-၁၁၅၆၆
**ပုံနှိပ်တိုက်အမည်**
Eleven Press
**ပုံနှိပ်တိုက်တည်နေရာ**
အမှတ်(၁၉)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**စောင်ရေ**
၂၀၀၀၀
**ထုတ်ဝေသူ**
Eleven Media Group
**မှတ်ပုံတင်အမှတ်**
ယာယီ-၀၄၇၀၆
**စာပေတိုက်အမည်**
Eleven Media Group
**စာပေတိုက်တည်နေရာ**
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၄၀၀၁၂၄၊ ၄၀၀၁၂၃

# ပြိုင်ဘက်များ အရေးဆိုရန်ကြံစည်နေသော်လည်း ဆန်းဒါးလန်းအသင်း ရမှတ်လျှော့ပြစ်ဒဏ်ခံရဖွယ်မရှိ




မန်ယူအား(၁-၀)ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲအပြီး အောင်ပွဲခံနေသည့် ဆန်းဒါးလန်းနည်းပြပိုယက်

ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ် မန်ယူ-ဆန်းဒါးလန်းပွဲတွင်အနိုင်ရရှိခဲ့သည့် ဆန်းဒါးလန်းအသင်းသည် တန်းဆင်းဇုန်မှလွတ်မြောက်ရန် သေချာနေပြီဖြစ်သလို၊ ရမှတ်လျှော့ပြစ်ဒဏ်ကိုလည်း ခံရဖွယ်မရှိကြောင်း ဗြိတိန်သတင်းစာ Guardian က ဖော်ပြခဲ့သည်။

ဆန်းဒါးလန်းအသင်းသည် ယခုနှစ်ရာသီအစောပိုင်းက တောင်ကိုရီးယားကစားသမားဂျီဒေါင်ဝမ်ကို အသင်း၏ပွဲစဉ်များတွင် အသုံးပြုခဲ့သည့်အတွက် ဒဏ်ငွေပေါင်သိန်းနှင့်ချီ၍ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ဂျီဒေါင်ဝမ်သည် ဘွန်ဒစ်လီဂါကလပ် အော့စ်ဘတ်အသင်းတွင် အငှားသွားရောက်ကစားကာ ဆန်းဒါးလန်းသို့ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး အပြောင်းအရွှေ့ကိစ္စရပ်များမပြီးပြတ်သေးမီ ဆန်းဒါးလန်းအသင်းက အသင်း၏ပွဲစဉ်(၅)ပွဲတွင် သူ့ကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ပရီးမီးယားလိဂ်ပွဲစဉ်(၄)ပွဲနှင့် လိဂ်ဖလားပွဲစဉ်(၁)ပွဲတွင် ဂျီဒေါင်ဝမ်ကို ဆန်းဒါးလန်းအသင်းက အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယခုအခါ တန်းဆင်းသွားပြီဖြစ်သော ကာဒစ်ဖ်၊ ဖူလ်ဟမ်အသင်းများက ဆန်းဒါးလန်းအသင်းကို ရမှတ်လျှော့ပြစ်ဒဏ်ကျခံစေရန် စီစဉ်နေကြခြင်းဖြစ်သည်။

---

**ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရသည်အထိ ကြီးလေးသည့်ပြစ်မှုဖြစ်ခြင်းကြောင့် ဆန်းဒါးလန်းကိုရမှတ်လျှော့ကာ တန်းဆင်းစေပြီး ပရီးမီးယားလိဂ်တွင် ဆက်လက်ရှင်သန်ခွင့်ရရှိရန် ကာဒစ်ဖ်၊ ဖူလ်ဟမ်အသင်းများက မျှော်လင့်နေခြင်း . . .**

---

ယင်းကဲ့သို့ အသုံးပြုခွင့်မရှိသည့်ကစားသမားများကိုထည့်သွင်းအသုံးပြုခြင်းမှာ ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံရသည်အထိ ကြီးလေးသည့်ပြစ်မှုဖြစ်ခြင်းကြောင့် ဆန်းဒါးလန်းကိုရမှတ်လျှော့ကာ တန်းဆင်းစေပြီး ပရီးမီးယားလိဂ်တွင် ဆက်လက်ရှင်သန်ခွင့်ရရှိရန် ကာဒစ်ဖ်၊ ဖူလ်ဟမ်အသင်းများက မျှော်လင့်နေခြင်းလည်းဖြစ်သည်။ သို့သော် တောင်ကိုရီးယားတိုက်စစ်မှူးဂျီဒေါင်ဝမ်သည် ၂၀၁၁ခုနှစ်က ဆန်းဒါးလန်းသို့ရောက်ရှိလာစဉ် နိုင်ငံတကာအပြောင်းအရွှေ့စံနှုန်းများနှင့် ညီညွတ်ခဲ့ပြီး ယခုရာသီအစတွင် အော့စ်ဘတ်မှ ဆန်းဒါးလန်းသို့ပြန်လည်ရောက်ရှိလာရာတွင် စီမံခန့်ခွဲမှုအမှား အနည်းငယ်သာကြုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအမှားမှာလည်း များစွာအရေးကြီးသည့် ကြီးမားသည့်အမှားမျိုးမဟုတ်ခြင်းကြောင့် ရမှတ်လျှော့ပြစ်ဒဏ် ထပ်မံကျခံရဖွယ်မရှိကြောင်း Guardian က ဖော်ပြခဲ့သည်။

ထို့ပြင် ဂျီဒေါင်ဝမ်ပါဝင်ကစားခဲ့သော ပရီးမီးယားလိဂ်(၄)ပွဲတွင်လည်း ဆန်းဒါးလန်းအသင်းမှာ ရမှတ်(၁)မှတ်သာရရှိခဲ့ကြောင်း သိရှိရသည်။ ဂျီဒေါင်ဝမ်၏အပြောင်းအရွှေ့မှားယွင်းမှုကို ပြီးခဲ့သည့်၂၀၁၃ခုနှစ်၊ အောက်တိုဘာလအတွင်းတွေ့ရှိခဲ့ပြီး ဒီဇင်ဘာလကပင် ဆန်းဒါးလန်းအသင်းမှာ ယင်းအမှားအတွက် ဒဏ်ငွေပေးချေခဲ့ပြီးဖြစ်ကြောင်းလည်း သိရှိရသည်။

❑ ❑ ❑

# ဖလားလက်မဲ့ရာသီကို (၂)နှစ်ဆက်ကြုံတွေ့ရတော့မည့် မော်ရင်ဟို ဟာဇက်အပါအဝင် အသင်းရှိ အဓိက ကစားသမားများကို ပြစ်တင်ပြောဆို




ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီ၌ချယ်လ်ဆီးအသင်း ဖလားတစ်လုံးမှမရရှိဘဲ ဖလားလက်မဲ့ရာသီကိုကြုံတွေ့ရတော့မည့်အတွက် အသင်းရှိအဓိကကစားသမားများကို ပြစ်တင်ပြောကြားခဲ့ကြောင်း သိရှိရသည်။

၂၀၀၃ခုနှစ်တွင် ပေါ်တူဂီကလပ်ပေါ်တိုအသင်းကိုနည်းပြခဲ့စဉ်မှစ၍နှစ်စဉ်နှစ်တိုင်း အနည်းဆုံးဖလားတစ်လုံးရယူနိုင်ခဲ့သော မော်ရင်ဟိုသည် ပြီးခဲ့သည့်ရာသီက(၁၁)နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်ဖလားလက်မဲ့ရာသီကို ရီးယဲယ်အသင်းနှင့်ကြုံတွေ့ခဲ့ရသလို၊ ယခုရာသီတွင်လည်း ချယ်လ်ဆီးအသင်းနှင့်ဖလားလက်မဲ့ရာသီကိုကြုံတွေ့ရန် သေချာသလောက်ရှိနေသည်။ ချယ်လ်ဆီးအသင်းကို ပထမတစ်ကြိမ်နည်းပြစဉ်က ဆုဖလား(၅)လုံးရယူပေးခဲ့သော မော်ရင်ဟိုသည် ယခုရာသီတွင် ဖလားတစ်လုံးမှမရယူနိုင်ခြင်းအတွက် ကွင်းလယ်လူ ဟာဇက်အပါအဝင် အော်စကာ၊ ဝီလီယံ၊ ရှီရာအစရှိသော အဓိကကွင်းလယ်လူများကို ပြစ်တင်ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက ဟာဇက်သည် ချယ်လ်ဆီးအသင်းအတွက် သူ့ကိုယ်သူ(၁၀၀)ရာခိုင်နှုန်းပေးဆပ်ကာ ကစားသူမဟုတ်ကြောင်းဝေဖန်ပြစ်တင်ပြောဆိုခဲ့သလို၊ အော်စကာ၊ ဝီလီယံ၊ ရှီရာအစရှိသောကစားသမားများမှာလည်း အသင်းအတွက် ယခုထက်ပိုမိုကြိုးစားကစားသင့်သည်ဟု ပြောကြားခဲ့သည်။ ပြီးခဲ့သည့်တစ်ပတ်က အက်သလက်တီကိုမက်ဒရစ်အသင်းကို အိမ်ကွင်းတွင်(၁-၃)ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်မှ ထွက်ခဲ့ရပြီးနောက် ဟာဇက်သည် မော်ရင်ဟို၏နည်းစနစ်များကို လူသိရှင်ကြားဝေဖန်ပြောဆိုခဲ့ရာ မော်ရင်ဟိုက ယင်းစကားအပေါ်တုံ့ပြန်ကာ ဟာဇက်ကို ပြစ်တင်ဝေဖန်မှုပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။ မော်ရင်ဟိုယင်းကဲ့သို့ ပြစ်တင်ပြောဆိုခြင်းမှာ ချယ်လ်ဆီးအသင်းတွင် ဟာဇက်နှင့်အော်စကာတို့၏အနာဂတ်များဆက်ရှိရန် မသေချာတော့ကြောင်းလည်း ဗြိတိန်သတင်းစာများက ဖော်ပြခဲ့ကြသည်။

အော်စကာနှင့် ဟာဇက်ကိုခေါ်ယူရန် ပြင်သစ်အသင်းကြီးဖြစ်သည့် PSG အသင်းက စိတ်ဝင်စားနေပြီး မော်ရင်ဟိုနှင့် ၎င်းတို့အကြား ဆက်ဆံရေးမပြေလည်ပါက ၎င်းတို့အနေဖြင့် ချယ်လ်ဆီးအသင်းကို စွန့်ခွာဖွယ်ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။

■ ■ ■

| ချယ်လ်ဆီးကွင်းလယ်လူ(၄)ဦး၏ ယခုရာသီစွမ်းဆောင်ရည်မှတ်တမ်း | | | | |
|---|---|---|---|---|
| အကြောင်းအရာ | ဟာဇက် | အော်စကာ | ဝီလီယံ | ရှီရာ |
| အသက် | ၂၃ | ၂၂ | ၂၅ | ၂၃ |
| နိုင်ငံသား | ဘယ်လ်ဂျီယံ | ဘရာဇီးလ် | ဘရာဇီးလ် | ဂျာမနီ |
| ပွဲ/ဂိုး | ၃၃/၁၄ | ၃၂/၈ | ၂၄/၄ | ၂၈/၇ |
| ကစားသောမိနစ် | ၂၇၆၁ | ၂၀၅၃ | ၁၅၈၇ | ၁၂၁၂ |
| ဂိုးပေါက်ကန်သွင်းမှု | ၅၀ | ၅၀ | ၃၁ | ၃၅ |
| ဂိုးပေါက်သို့တိကျမှု | ၆၂% | ၄၆% | ၅၂% | ၄၀% |
| ဂိုးရရန်ပန့်တီးမှု | ၇ | ၂ | ၂ | ၁ |
| ဂိုးအခွင့်အရေးဖန်တီးမှု | ၈၈ | ၄၇ | ၅၉ | ၂၅ |
| ဘောလုံးပေးပို့မှု | ၁၄၅၄ | ၁၁၉၂ | ၉၁၆ | ၄၆၇ |
| မှန်ကန်သည့်ပေးပို့မှု | ၈၃% | ၈၃% | ၈၆% | ၈၂% |
| ဖြတ်တင်ဘော | ၆၇ | ၁၀၄ | ၁၁၃ | ၄၉ |
| ဖျက်ထုတ်မှု | ၂၂ | ၆၄ | ၄၅ | ၃၄ |
| ဘောလုံးနှင့်အတူ ပြိုင်ဘက်ကိုကျော်ဖြတ်နိုင်မှု | ၂၀၂ | ၆၇ | ၇၀ | ၄၇ |

## BRIEF

❒ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက လာမည့်ရာသီတွင် မိမိတို့အာဆင်နယ်အသင်းအနေဖြင့် အသင်း၏ကစားပုံကိုပြောင်းလဲပြင်ဆင်သွားမည်မဟုတ်ဘဲ ယခုပုံစံအတိုင်းသာ ဆက်လက်ကစားသွားမည်ဟု ပြောကြားခဲ့သည်။

❒ မန်ယူအသင်း၏ တောင်ပံကစားသမား အက်ရှ်လေယန်းက ဆန်းဒါလန်းအား အိမ်ကွင်းတွင်ရှုံးနိမ့်ခဲ့သောပွဲစဉ်၌ မိမိတို့ မန်ယူကစားသမားများသည် ညံ့ဖျင်းစွာကစားခဲ့သည်ဟု ဝန်ခံပြောကြားခဲ့သည်။

❒ ဖူလ်ဟမ်အသင်းနည်းပြ ဖီလစ်မာဂတ်က အသင်း တန်းဆင်းသွားခဲ့ခြင်းအတွက် ပရိသတ်များကို တောင်းပန်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

❒ စပါးအသင်းသည် အသင်း၏တောင်ပံကစားသမား တောင်ဆန်ကို အလိုက်ပေးကမ်းလှမ်းကာ ဆောက်သမ်တန်အသင်း၏ ကွင်းလယ်လူလယ်လာနာကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရှိရသည်။

## ယာယီနည်းပြဂယ်ရီမန့်အား နည်းပြအဖြစ်ခန့်အပ်ရန် ဆွမ်ဆီးအသင်းဘုတ်အဖွဲ့ဝင်များ ကမ်းလှမ်း




ဆွမ်ဆီးအသင်းဘုတ်အဖွဲ့ဝင်များသည် ပြီးခဲ့သည့်သောကြာနေ့ကတွေ့ဆုံမှုတစ်ခုပြုလုပ်ခဲ့ပြီးနောက်အသင်း၏ယာယီနည်းပြဂယ်ရီမန့်အား အမြဲတမ်းနည်းပြအဖြစ်တရားဝင်ခန့်အပ်ရန်ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဆွမ်ဆီးအသင်းသည် ယခုနှစ်ဖေဖော်ဝါရီလအတွင်း အသင်းနည်းပြမိုက်ကယ်လောဒရပ်နှင့် လမ်းခွဲခဲ့ပြီးနောက် အသင်းခေါင်းဆောင်ဂယ်ရီမန့်အား ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အသက်(၃၅)နှစ်အရွယ် ဂယ်ရီမန့်သည် ယာယီနည်းပြအဖြစ်ကိုင်တွယ်ရသော်လည်း ရလဒ်ကောင်းအချို့ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ကာဒစ်ဖ်အသင်းနှင့်ကစားခဲ့သော ဝေးလ်စ်ဒါဘီပွဲစဉ်တွင်(၃-၀)ဂိုးဖြင့်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဂယ်ရီမန့်၏လက်ထက်တွင် ဆွမ်ဆီးအသင်းကို(၁၃)ပွဲကိုင်တွယ်ခဲ့ရာတွင် (၃)ပွဲနိုင်၊ (၃)ပွဲသရေ၊ (၇)ပွဲရှုံးနိမ့်ခဲ့ပြီး လာမည့်ရာသီတွင် ပရီးမီးယားလိဂ်၌ ဆက်လက်ရှိနေရန် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အသင်းဘုတ်အဖွဲ့ဝင်များက သူ့အား အပြီးသတ်နည်းပြအဖြစ်ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

■ ■ ■

## ဂျိုးဟတ်အား ပြိုင်ဘက်နည်းပြ မာတီနက်ဇ် ချီးကျူး

ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော အဲဗာတန်-မန်စီးတီး ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အဲဗာတန်အသင်းနည်းပြမာတီနက်ဇ်က ပြိုင်ဘက်မန်စီးတီးအသင်း၏ဂိုးသမားဂျိုးဟတ်ကို ချီးကျူးပြောဆိုမှုပြုလုပ်ခဲ့သည်။ "ဂျိုးဟတ်ဟာ ဒီရာသီရဲ့အကောင်းဆုံးကာကွယ်မှုတစ်ခုကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ဘောလုံးဟာ ဂိုးပေါက်အောက်ခြေထောင့်ရောက်နေပြီး ဖမ်းဖို့မလွယ်ပေမယ့် သူ ကာကွယ်နိုင်ခဲ့ပါတယ်။ ခဏအကြာမှာ ကျွန်တော်တို့ဂိုးပေးခဲ့ရပါတယ်။ ဒါဟာ ပွဲရဲ့အလှည့်အပြောင်းပါပဲ"ဟု မာတီနက်ဇ်က ပြောကြားခဲ့သည်။

## ပိုချက်တီနိအား စပါးဥက္ကဋ္ဌ လီဗိုင်း ပစ်မှတ်ထား

စပါးအသင်းဥက္ကဋ္ဌဒန်နီယယ်လီဗိုင်းသည် ဆောက်သမ်တန်အသင်းနည်းပြပိုချက်တီနိအားမျက်စိကျနေပြီး စပါးနည်းပြအဖြစ်ခန့်အပ်ရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ ပိုချက်တီနိသည် အင်္ဂလိပ်စကားပြောအားနည်းသော်လည်း မိမိတို့အသင်းအတွက် ပြဿနာတစ်ခုမဟုတ်ဟု လီဗိုင်းကပြောကြားခဲ့သည်။ စပါးအသင်းသည် ယခင်က ပြင်သစ်နည်းပြဆန်တီနို၊ စဝိန်နည်းပြရာမို့စ်တို့ကိုခန့်အပ်ခဲ့ဖူးရာ ယင်းနည်းပြများနှင့်ကစားသမားများအကြား ဘာသာစကားဆက်သွယ်မှုအခက်အခဲဖြစ်ပေါ်ခဲ့ဖူးသည့်သာဓကရှိခဲ့သည်။

## တန်းဆင်းသော်လည်း ကာဒစ်ဖ်တွင် ဆိုးလ်ရှား ဆက်ရှိမည်

ယခုတစ်ပတ်ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)တွင် နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့သော ကာဒစ်ဖ်စီးတီးအသင်းမှာ ပရီးမီးယားလိဂ်မှတန်းဆင်းရန်သေချာသွားပြီဖြစ်သော်လည်း အသင်းနည်းပြဆိုးလ်ရှားက သူသည် ကာဒစ်ဖ်အသင်းမှထွက်မည်မဟုတ်ဟုပြောကြားခဲ့သည်။ သူ၏အနာဂတ်နှင့်ပတ်သက်၍ သတင်းထောက်များကမေးမြန်းခဲ့ရာတွင် ဆိုးလ်ရှားက "ကျွန်တော် ကာဒစ်ဖ်အသင်းနည်းပြအဖြစ်ရှိနေပါသေးတယ်။ နောက်ပွဲမှာ ကျွန်တော်တို့ရဲ့ပရော်ဖက်ရှင်နယ်ပီသမှုကိုဆက်လက်ပြသရမှာဖြစ်ပြီး လာမယ့်ရာသီအတွက်လည်း အသင်းကိုပြင်ဆင်သွားရမှာပါ"ဟု ပြောကြားခဲ့သည်။

First Eleven Sports Journal Vol:14 No.48 8, May, 2014

# ကိုပါအီတာလီယာဖိုလ်လုပွဲမတိုင်ခင် သေနတ်ပစ်မှုများဖြစ်ပွား

# နာပိုလီပရိသတ်(၃)ဦးဒဏ်ရာရခဲ့ပြီး ဆေးရုံသို့တင်ပို့ခဲ့ရ




သေနတ်ဒဏ်ရာရရှိသည့် နာပိုလီပရိသတ်အား တွေ့ရစဉ်

ဖီအိုရင်တီးနား-နာပိုလီပွဲမစတင်မီ နာပိုလီပရိသတ်များ ကွင်းအတွင်းသို့ မီးပန်းများပစ်ပေါက်နေစဉ်

ပြီးခဲ့သည့်စနေနေ့က ကျင်းပခဲ့သည့် ဖီအိုရင်တီးနားနှင့်နာပိုလီတို့၏ ကိုပါအီတာလီယာဖိုလ်လုပွဲမတိုင်မီ ရောမမြို့အတွင်း သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့သဖြင့် ပွဲချိန်ရွှေ့ဆိုင်းခဲ့ရကြောင်းသိရသည်။ ကိုပါအီတာလီယာ ဖိုလ်လုပွဲကျင်းပရာ ရောမမြို့အတွင်းတွင် ပွဲမစတင်မီ နာရီပိုင်းအလိုတွင် သေနတ်ပစ်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နာပိုလီပရိသတ်(၃)ဦးမှာ သေနတ်ဒဏ်ရာများရရှိကာ ဆေးရုံသို့တင်ပို့ခဲ့ရသည်။ အသက်(၄၃)နှစ်နှင့်(၃၂)နှစ်အရွယ် နာပိုလီပရိသတ်(၂)ဦးမှာ ညာဘက်လက်နှင့် လက်မောင်းများတွင် သေနတ်ဒဏ်ရာများရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုပါအီတာလီယာ ဖိုလ်လုပွဲကျင်းပရာ ရောမမြို့သို့ ဖိုလ်လုပွဲရောက်အသင်းနှစ်သင်း၏ ပရိသတ်များဖြစ်သည့် ဖီအိုရင်တီးနားနှင့် နာပိုလီပရိသတ်(၃)သောင်းစီလာရောက်ခဲ့ကြသည်။ ပွဲမစတင်မီ ရောမမြို့အတွင်းတွင် အဆိုပါပရိသတ်အစုအဝေးသည် ပြဿနာဖြစ်ခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရသည်။ ယင်းအချိန်တွင် နာပိုလီပရိသတ်တစ်စုက ရဲတပ်ဖွဲ့ဝင်များတားဆီးထားသည့် အကာအရံတွင်းသို့ ဝင်ရန်ကြိုးစားခဲ့ကြကြောင်းသိရသည်။ အီတာလီသတင်းစာ Corriere della Sera ၏ဖော်ပြချက်အရ အကြမ်းဖက်ပရိသတ်အချို့က လုံခြုံရေးတာဝန်ယူထားသည့် ရဲတပ်ဖွဲ့ဝင်များကိုဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ယင်းအချိန်တွင် သေနတ်ပစ်သံများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ သေနတ်သံများထွက်ပေါ်လာခြင်းအကြောင်းရင်းကို လက်ရှိအချိန်တွင် အတိအကျမသိရသေးသော်လည်း Gazzetta dello Sport ဖော်ပြချက်အရ ရိုးမားပရိသတ်များ၏ ချောင်းမြောင်းတိုက်ခိုက်မှုဖြစ်နိုင်ကြောင်း သိရသည်။ ပြီးခဲ့သည့်တနင်္ဂနွေနေ့က ရောမမြို့မှ ရဲတပ်ဖွဲ့ဝင်များသည် သေနတ်ဖြင့်ပစ်ခတ်ခဲ့သူဟုယူဆရသည့် အမျိုးသားတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦးအား တိုက်ခိုက်ခဲ့သည့် နာပိုလီပရိသတ်တစ်ဦးကိုဖမ်းဆီးခဲ့ကြောင်း AFP မှဖော်ပြခဲ့သည်။

ယင်းဖြစ်ရပ်များကြောင့် ဖီအိုရင်တီးနားနှင့် နာပိုလီတို့၏ ကိုပါအီတာလီယာဖိုလ်လုပွဲကို (၄၅)မိနစ်ခန့် နောက်ကျပြီးမှ ကျင်းပခဲ့ရသည်။ ပွဲစတင်ကျင်းပချိန်တွင်လည်း ကွင်းအတွင်း၌ လုံခြုံရေးအင်အားများစွာ ချထားခဲ့ရကြောင်း သိရသည်။ သို့သော် ပွဲမစတင်ခင် အချိန်တွင် အိုလံပီကိုကွင်းမြောက်ဘက်တန်းပွဲကြည့်စင်ပေါ်မှ နာပိုလီပရိသတ်များသည် ကွင်းအတွင်းသို့ မီးပန်းများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ နာပိုလီပရိသတ်များသည် ပွဲမစတင်ခင်အချိန်တွင် နာပိုလီပရိသတ်(၃)ဦး သေနတ်ဒဏ်ရာရခဲ့ခြင်းကြောင့် ပွဲရွှေ့ဆိုင်းရန် တောင်းဆိုသည့်အနေဖြင့် ယင်းကဲ့သို့ မီးပန်းများကွင်းထဲသို့ ပစ်ချကာ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အတွက်ကြောင့် ပွဲစတင်ရန်ကြန့်ကြာမှုများရှိခဲ့ပြီး ယင်းပရိသတ်များထံသို့ နာပိုလီအသင်းခေါင်းဆောင် ဟမ်ဆစ်က တွေ့ဆုံဖျောင်းဖြမှုများပြုလုပ်ခဲ့ရသည်။ သတင်းအချို့ကမူ ယင်းသေနတ်ပစ်မှုတွင် မာဖီးယားဂိုဏ်းမှပါဝင်ပတ်သက်မှုများရှိနေကြောင်း ခန့်မှန်းခဲ့ကြသည်။ အဆိုပါပွဲတွင် နာပိုလီက(၃-၁)ဂိုးဖြင့်အနိုင်ရခဲ့သည်။

## အကြမ်းဖက်ဖြစ်စဉ်အပေါ် အမြင်အချို့

"ဘောလုံးပွဲတစ်ပွဲဟာ နှစ်ဖက်ပရိသတ်ရဲ့ တိုက်ပွဲတစ်ခု မဖြစ်သင့်ပါဘူး။ ဒီလိုဖြစ်ရပ်မျိုးတွေကို မြင်တွေ့နေရသေးတဲ့အတွက် ကျွန်တော်စိတ်ပျက်ဝမ်းနည်းမိပါတယ်"

*- အီတလီဝန်ကြီးချုပ်ဟောင်း*

"ဒီအဖြစ်အပျက်ဟာ လုံးဝလက်ခံနိုင်စရာ မဟုတ်ပါဘူး"

*- စီးရီးအေပြိုင်ပွဲဥက္ကဋ္ဌ ဘာရက်တာ*

"ဒီလိုဖြစ်တာ အခုအကြိမ်က ပထမဆုံးမဟုတ်ပါဘူး။ ၂၀၀၄ခုနှစ်တုန်းက ရိုးမားမှာ ကစားနေတုန်းကလည်း အခုလိုမျိုး ဖြစ်ခဲ့ဖူးပါတယ်။ (၂၀၀၄ခုနှစ်အတွင်းက ရိုးမားနှင့်လာဇီယိုတို့၏ဒါဘီပွဲစဉ်တွင် ပရိသတ်အကြမ်းဖက်မှုကြောင့် ရဲတပ်ဖွဲ့မှထိန်းသိမ်းရာတွင် လူငယ်ပရိသတ်တစ်ဦးသေနတ်မှန်ကာ သေဆုံးခဲ့သည်) ဒီလိုအဖြစ်အပျက်တွေ အီတလီဘောလုံးလောကမှာ ဖြစ်ပေါ်နေတာက ကံဆိုးတာပါပဲ။ ရှက်စရာလည်း ကောင်းပါတယ်။ ဖိုလ်လုပွဲတစ်ပွဲက အားကစားပြိုင်ပွဲဆန်ဆန်ပဲ ဖြစ်သင့်ပါတယ်"

*- မှန်တဲလား။ ဖီအိုရင်တီးနားနည်းပြ*

"ပရိသတ်တွေဟာ ပွဲကစားဖို့အတွက် ဆုံးဖြတ်ပေးခဲ့သူတွေပါပဲ။ ကျွန်တော့်အထင်တော့ သူတို့ဟာ (နာပိုလီပရိသတ်) ဘာအပြစ်မှ မရှိပါဘူး။ ဒီအောင်ပွဲကိုလည်း နာပိုလီပရိသတ်တွေအတွက် ရည်ရွယ်ပါတယ်။ ဒဏ်ရာရရှိခဲ့သူ နာပိုလီပရိသတ်ကို ဆေးရုံအချိန်မီ ပို့ပေးခဲ့တဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီဖြစ်ရပ်ဟာ အီတလီဘောလုံးအသိုင်းအဝိုင်းအတွက် ထိုးနှက်ချက်ပါပဲ"

*- ဒီလော်ရန်းတစ်၊ နာပိုလီအသင်းဥက္ကဋ္ဌ*

"ဒီအောင်ပွဲက နာပိုလီပရိသတ်တွေအားလုံးအတွက်ပါ။ ပွဲမစခင်မှာ ဘယ်တွေဖြစ်ခဲ့ဖြစ်ခဲ့ ပွဲချိန်အတွင်းမှာ ကျွန်တော်တို့စုစည်းခဲ့ပါတယ်"

*- ဟမ်ဆစ်၊ နာပိုလီအသင်းခေါင်းဆောင်*

# ဗြိတိန်အခြေစိုက် Guardian သတင်းစာမှသတင်းထောက်အား နာပိုလီပရိသတ်များတရားစွဲ

နာပိုလီအသင်းပရိသတ်များသည် ဗြိတိန်အခြေစိုက် Guardian သတင်းစာမှ ဆောင်းပါးရှင် ဘယ်ရီဂလန်ဒင်နင်းအားတရားစွဲဆိုသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ Guardian သတင်းစာမှ သတင်းထောက် ဘယ်ရီဂလန်ဒင်နင်းသည် မန်ယူအသင်းမှဝဲလ်ဘက်အားခေါ်ယူရန် နာပိုလီအသင်းက ကြိုးပမ်းလျက်ရှိနေသည်ဆိုသော အပြောင်းအရွှေ့သတင်းတွင် နာပိုလီအသင်းအား နာမည်ကျော်ရာဇဝတ်ဂိုဏ်းဖြစ်သည့် မာဖီးယားဂိုဏ်းကြီးစိုးရာမြို့မှအသင်းဟု ထည့်သွင်းရေးသားခဲ့ခြင်းဖြစ်သည်။

ဂါးဒီးယန်းသတင်းစာ၏ရေးသားမှုအပြည့်အစုံမှာ "နာပိုလီအားကစားဒါရိုက်တာ ရိကာဒိုဘီဂွန်သည် မန်ယူအသင်းတိုက်စစ်မှူးဝဲလ်ဘက်၏အေးဂျင့်နှင့်တွေ့ဆုံကာ စာချုပ်ချုပ်ရန်စိတ်ဝင်စားနေကြောင်း။ အဲဗာတန်နှင့်စပါးအသင်းတို့မှစိတ်ဝင်စားနေသော ဝဲလ်ဘက်အတွက် အီတလီမာဖီးယားဂိုဏ်းကြီးစိုးသည့်မြို့၏ ကလပ်တစ်ခုမှ အပြိုင်ကြိုးစားရမည်" ဟုဖြစ်သည်။ အဆိုပါရေးသားမှုအား နာပိုလီအသင်း၊ နာပိုလီအသင်းအားပေးသူပရိသတ်အဖွဲ့အစည်းများကကန့်ကွက်ခဲ့ကြပြီး Movi-mento Neoborbonico ဟုအမည်ရသည့် နာပိုလီပရိသတ်အဖွဲ့တစ်ခုမှ Guardian သတင်စာနှင့်ရေးသားသူ ဂလန်ဒင်နင်းအား တရားစွဲဆိုသွားရန်စီစဉ်နေကြောင်းသိရသည်။ "မှားယွင်းသည့်ရေးသားဖော်ပြမှုပြုလုပ်ခဲ့ခြင်းအတွက် နေပယ်လ်မြို့သားနှင့်နာပိုလီပရိသတ်များမှ ဆန့်ကျင်ကြောင်း။ ယခုကဲ့သို့ရေးသားမှုအတွက် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း" အဆိုပါ နာပိုလီပရိသတ်အဖွဲ့မှ ဖော်ပြခဲ့သည်။

■ ■ ■

## ဝါရင့်ကွင်းလယ်လူ ပီယာလို ဂျူဗင်တပ်စ်နှင့် (၂)နှစ်သက်တမ်းတိုးမည်

ဂျူဗင်တပ်စ်အသင်းမှ ဝါရင့်ကွင်းလယ်လူပီယာလိုသည် အသင်းနှင့် (၂)နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားဖွယ်ရှိနေကြောင်းသိရသည်။ ပီယာလိုနှင့် ဂျူဗင်တပ်စ်အသင်းတို့၏ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ယခုအခါ ပီယာလိုသည် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုသွားရန် နီးစပ်နေပြီဖြစ်ကြောင်း အီတလီနာမည်ကြီးမီဒီယာတစ်ခုဖြစ်သည့် Sport Mediaset ကဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် ပီယာလိုနှင့် ဂျူဗင်တပ်စ်အသင်းတို့ကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်နေပြီး မကြာမီတရားဝင်စာချုပ်ချုပ်ဆိုသွားဖွယ်ရှိနေကြောင်း သိရသည်။ ပီယာလိုသည် ယခုနှစ်ရာသီတွင် အသင်းအတွက်(၄၁)ပွဲကစားပေးထားပြီး (၆)ဂိုးသွင်းယူနိုင်ခဲ့သည်။

## မန်စီးတီးတိုက်စစ်မှူး ဇီကိုအား ယူရိုသန်း(၂၀)ဖြင့် အင်တာကမ်းလှမ်း

အင်တာမီလန်အသင်းသည် မန်စီးတီးတိုက်စစ်မှူး ဇီကိုအား ခေါ်ယူရန်အတွက် ယူရိုသန်း(၂၀)ဖြင့် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဇီကိုသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာတော့မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသူဖြစ်သည်။ ထို့ပြင် ဇီကိုသည် အင်တာမီလန်အသင်းပိုင်ရှင် အဲရစ်သိုဟာနှစ်သက်သည့်ကစားသမားတစ်ဦးဖြစ်ပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် နံပါတ်(၁)ဦးစားပေးခေါ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ မန်စီးတီးအသင်းကလည်း အင်တာမီလန်အသင်းမှ ယူရိုသန်း(၂၀)ဖြင့်အမှန်တကယ်ကမ်းလှမ်းလာခဲ့ပါက ဇီကိုအား ရောင်းချသွားဖွယ်ရှိနေသည်။ အင်တာမီလန်အသင်းသည် တိုက်စစ်အားဖြည့်ရန်အတွက် ချယ်လ်ဆီးမှ တောရက်စ်နှင့် ရီးယဲယ်မှ မိုရာတာတို့ကိုလည်း စိတ်ဝင်စားနေသည်။

## အီတလီကလပ်အသင်းများ၏ အဆင့်သတ်မှတ်ချက် ထပ်မံကျဆင်း

ပြီးခဲ့သည့်ကြာသပတေးနေ့က ကစားခဲ့သည့် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်(ဒု-ကျော့)တွင်ဘင်ဖီကာအသင်းအား ဂျူဗင်တပ်စ်အသင်းအရှုံးနိမ့်ခဲ့မှုကြောင့် အီတလီအသင်းများ၏ ဥရောပဘောလုံးအဖွဲ့ချုပ်၏ကလပ်အသင်းအဆင့်သတ်မှတ်ချက် (UEFA Coefficient) ထပ်မံကျဆင်းခဲ့ကြောင်းသိရသည်။ စီးရီးအေပြိုင်ပွဲမှာ လာလီဂါ၊ ပရီးမီးယားလိဂ်၊ ဘွန်ဒစ်လီဂါတို့၏နောက် အဆင့်(၄)နေရာတွင်ရှိနေရာမှ ယခုအခါ ပေါ်တူဂီအမှတ်ပေးပြိုင်ပွဲနောက်ရောက်ရှိကာ အဆင့်(၅)နေရာသို့ကျဆင်းခဲ့ခြင်းဖြစ်သည်။ သို့သော် စီးရီးအေအသင်းများအနေဖြင့် ဥရောပပြိုင်ပွဲဝင်ခွင့်ခွဲတမ်းတွင် ချန်ပီယံလိဂ်ဝင်ခွင့်(၃)နေရာနှင့် ယူရိုပါလိဂ်ဝင်ခွင့်(၃)နေရာရရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

## BRIEF

- ❐ ပါလာမိုအသင်းဥက္ကဋ္ဌ ဇမ်ပါရီနီက စီးရီးအေသို့ တန်းပြန်တက်လာနိုင်သည့်အတွက် ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။
- ❐ ပါးမားအသင်းသည် အေစီမီလန်အသင်းမှစိတ်ဝင်စားနေသည့် နည်းပြဒိုနာဒိုနီ အသင်းမှ အမှန်တကယ်ထွက်ခွာခဲ့ပါက အေစီမီလန်လူငယ်အသင်းနည်းပြအင်ဇာဂီအား ပြန်လည်ခန့်အပ်သွားဖွယ်ရှိနေကြောင်း သိရသည်။
- ❐ လာဇီယိုအသင်းကွင်းလယ်လူ အိုနာဇီအား ပရီးမီးယားလိဂ်ကလပ် လီဗာပူးလ်နှင့် စပါးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ❐ ချယ်လ်ဆီးအသင်းကွင်းလယ်လူမီခေးလ်၏ အေးဂျင့်ဖြစ်သူက အင်တာမီလန်အသင်းက ၎င်း၏ကစားသမားအား စိတ်ဝင်စားနေသည်ဆိုသော သတင်းများမှာ ဟုတ်မှန်ကြောင်း ပြောကြားခဲ့သည်။
- ❐ ဖီအိုရင်တီးနားအသင်းသည် အင်တာမီလန်အသင်း မှ အာဂျင်တီးနားနောက်ခံလူ ဆမ်မြူရယ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး အပြောင်းအရွှေ့အသေးစိတ်ကိုမူ မဖော်ပြခဲ့ချေ။

# ငှက်ပျောသီးဖြင့်ပစ်ပေါက်ခဲ့မှုကြောင့် ပွဲကြည့်ခွင့်ရာသက်ပန်ပိတ်ပင်ခံရပြီး ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရသည့်ပရိသတ်ကိုထောက်ခံဆန္ဒပြမှု ဗီလာရီးယဲယ်ပရိသတ်ပြုလုပ်

ဗီလာရီးယဲယ်ပရိသတ်များသည် ပြီးခဲ့သည့်တစ်ပတ်တနင်္ဂနွေနေ့က ကစားခဲ့သည့် ဗီလာရီးယဲယ်-ဘာစီလိုနာပွဲစဉ်တွင် ဘာစီလိုနာနောက်ခံလူအဲလ်ဗတ်စ်အား ငှက်ပျောသီးဖြင့်ပစ်ပေါက်ခဲ့သဖြင့် ကွင်းအတွင်းသို့လာရောက်ပွဲကြည့်ရှုခွင့် ရာသက်ပန်ပိတ်ပင်ခံရသည့် အသင်းပရိသတ်အား ထောက်ခံအားပေးသည့်အနေဖြင့် ဆန္ဒပြမှုကိုပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါဆန္ဒပြမှုတွင် ဗီလာရီးယဲယ်ပရိသတ်ထောင်ဂဏန်းခန့်ပါဝင်ခဲ့ကြပြီး အဲလ်ဗတ်စ်အား ငှက်ပျောသီးဖြင့်ပစ်ပေါက်ခဲ့မှုတွင် ဗီလာရီးယဲယ်ပရိသတ် ဒေးဗစ်ကမ်ပါရိုအပြစ်များစွာကျခံရစေရန် အားစိုက်ရေးသားခဲ့သည့် မီဒီယာများကိုပါ ဆန့်ကျင်ကြောင်း အော်ဟစ်ခဲ့ကြသည်။

ဆန္ဒပြသူများထဲတွင် အဲလ်ဗတ်စ်အား ငှက်ပျောသီးဖြင့်ပစ်ပေါက်ခဲ့သူ ဒေးဗစ်ကမ်ပါရို၏မိသားစုဝင်များနှင့် သူငယ်ချင်းများပါဝင်ခဲ့ကြပြီး ၎င်းတို့သည် ဒေးဗစ်ကမ်ပါရို၏ဓာတ်ပုံများ၊ "We are all David (အားလုံးဒေးဗစ်ဖြစ်သည်)ဟု အဓိပ္ပာယ်ရသော စာတန်းများကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြောင်း သိရသည်။ ဒေးဗစ်ကမ်ပါရို၏ မိသားစုဝင်တစ်ဦးက "သူလုပ်ခဲ့တဲ့အမှားက တစ်ခုတည်းပါ။ အဲဒီအတွက်

> **ဒေးဗစ်ဟာ လူမျိုးရေးခွဲခြားတတ်သူတစ်ဦးမဟုတ်သလို အကြမ်းဖက်သမားတစ်ဦးလည်း မဟုတ်ပါဘူး။ ငှက်ပျောသီးပစ်ချချိန်မှာ သူ့ရဲ့စိတ်ဟာ အရမ်းကို ဒေါသထွက်နေလို့ဖြစ်မှာပါ။ သူ့ရဲ့လုပ်ရပ်ဟာ မှားပေမယ့် အခုလိုမျိုး ဆက်တိုက်ဝေဖန်ရေးသားခံနေရတာကတော့ မဖြစ်သင့်ဘူးထင်ပါတယ်...**

သူပေးဆပ်ရမှာပါ။ ဒါပေမဲ့ မီဒီယာတချို့ရဲ့ အလွန်အကျူးရေးသားမှုတွေကတော့ သူ့ရဲ့ပြစ်ဒဏ်နဲ့ အချိုးအစားမညီမျှပါဘူး" ဟုပြောကြားခဲ့သည်။ ထို့ပြင် ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် ဗီလာရီးယဲယ်ပရိသတ်တစ်ဦးကလည်း "ဒီဆန္ဒပြမှုက ဒေးဗစ်ကမ်ပါရိုရဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး အလွန်အကျူးရေးခဲ့တဲ့ မီဒီယာအားလုံးကို ရည်ရွယ်ပါတယ်။ သူတို့ဟာ ကျွန်တော်တို့မြို့နဲ့ မြို့သားတွေအားလုံး အပြုအမူဆိုးတွေရှိတယ်လို့ ဆိုနေသလိုပါပဲ။ ဒေးဗစ်ဟာ လူမျိုးရေးခွဲခြားတတ်သူတစ်ဦးမဟုတ်သလို အကြမ်းဖက်သမားတစ်ဦးလည်း မဟုတ်ပါဘူး။ ငှက်ပျောသီးပစ်ချချိန်မှာ သူ့ရဲ့စိတ်ဟာ အရမ်းကို ဒေါသထွက်နေလို့ဖြစ်မှာပါ။ သူ့ရဲ့လုပ်ရပ်ဟာ မှားပေမယ့် အခုလိုမျိုး ဆက်တိုက်ဝေဖန်ရေးသားခံနေရတာကတော့ မဖြစ်သင့်ဘူးထင်ပါတယ်"ဟု ပြောကြားခဲ့သည်။ စပိန်သတင်းစာ El Pais ကမူ ယခင်က လူမျိုးရေးခွဲခြားမှုများကို ထိထိရောက်ရောက်အရေးမယူခဲ့ဘဲ ယခုအချိန်တွင်မှ အကျယ်တဝင့်အရေးယူနေသည့် စပိန်အစိုးရနှင့် ကလပ်အသင်းတာဝန်ရှိသူများကို ဝေဖန်ရေးသားခဲ့သည်။ ဒေးဗစ်ကမ်ပါရိုသည် ပြီးခဲ့သည့်ကြာသပတေးနေ့က စပိန်ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကိုလည်း ခံခဲ့ရသည်။

❐ ❐ ❐







Photo: AFP

## ဘာစီလိုနာအသင်းကျဆုံးမှုတွင် မိမိ၌ တာဝန်အပြည့်ရှိသည်ဟု ဘာစီလိုနာနည်းပြမာတီနိုဝန်ခံ

ဘာစီလိုနာအသင်းနည်းပြ မာတီနိုက ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း ကျရှုံးခဲ့ရခြင်းမှာ မိမိတွင် တာဝန်အပြည့်ရှိကြောင်းဝန်ခံပြောကြားခဲ့သည်။ ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော ဂီတာဖေးအသင်းနှင့်(၂-၂)ဂိုး သရေကျခဲ့သည့်ပွဲအပြီးတွင် တစ်ခုတည်းသော ဖလားမျှော်လင့်ချက်ဖြစ်သည့် လာလီဂါချန်ပီယံဆုကို ကာကွယ်နိုင်ရန်မဖြစ်နိုင်တော့ဘဲ ဖလားလက်မဲ့ရာသီတစ်ခုကိုကြုံတွေ့ခဲ့ရပြီဖြစ်သည်။

သို့ဖြစ်ရာ မာတီနိုက" လက်ရှိရာသီရဲ့အဆုံးသတ်က မကောင်းတော့ပါဘူး။ ဒီအချိန်မှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်က နည်းပြဖြစ်သူ ကျွန်တော်ပါပဲ။ ကျွန်တော့်ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး သေသေချာချာမပြောနိုင်သေးပေမယ့် ကျွန်တော်တာဝန်မယူဘဲ ခေါင်းရှောင်သွားမှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်း အားကစားဒါရိုက်တာဇူဘီဇာရက်တာကလည်းနည်းပြမာတီနို၏ အနာဂတ်နှင့်ပတ်သက်၍ "လက်ရှိအချိန်မှာ သူဟာ ကျွန်တော်တို့ရဲ့နည်းပြအဖြစ် ရှိနေသေးပါတယ်။ သူနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်ပြီးပြီဆိုရင် တရားဝင်ကြေညာသွားမှာပါ"ဟု ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းသည် ဆယ်လ်တာဗီဂိုအသင်းအားကိုင်တွယ်နေသည့် နည်းပြလူးဝစ်အင်နရစ်အားမာတီနို၏နေရာတွင်အစားထိုးရန် ပစ်မှတ်ထားနေသည်။

> **ဘာစီလိုနာနည်းပြသစ်အဖြစ်ရေပန်းစားနေသူ လူးဝစ်အင်နရစ်၏ပြောစကား**
>
> "ကြီးမားတဲ့ အခွင့်အရေးပါပဲ။ ဒါပေမဲ့ လက်ရှိအသင်းအတွက်ပဲ ကျွန်တော်အာရုံစိုက်ထားပြီး လက်ကျန်ပွဲတွေမှာ ရလဒ်ကောင်းဖို့ကြိုးစားမှာပါ။ဘာစီလိုနာနည်းပြသစ်အဖြစ် ရေပန်းစားနေတယ်ဆိုတာကလည်း သတင်းတွေအဖြစ်သာရှိသေးပါတယ်။ အခုလိုအချိန်မှာ ဒီလိုသတင်းတွေထွက်တာ မဆန်းပါဘူး"



Photo: AFP

## ကစားသမားဘဝတစ်လျှောက် အကောင်းဆုံး ဂိုးသွင်းနှုန်းကို စီရော်နယ်လ်ဒို ရရှိခဲ့

ရီးယဲယ်တိုက်စစ်မှူးစီရော်နယ်လ်ဒိုသည် ကစားသမားဘဝတစ်လျှောက် အကောင်းဆုံးဂိုးသွင်းနှုန်းတစ်ခုကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။ စီရော်နယ်လ်ဒိုသည် လက်ရှိရာသီတွင် ပွဲထွက်ကစားသမားအဖြစ်(၄၄)ပွဲကစားကာ (၄၉)ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီး ၎င်း၏တစ်ပွဲပျမ်းမျှသွင်းဂိုးမှာ (၁.၁၁)ဂိုးအထိရှိနေခဲ့သည်။ ယင်းဂိုးသွင်းနှုန်းမှာ ပြီးခဲ့သည့် ၂၀၁၂-၁၃ဘောလုံးရာသီက (၃၅)ပွဲကစား(၃၅)ဂိုးနှင့် ၂၀၁၀-၁၁ဘောလုံးရာသီက (၃၄)ပွဲကစား(၃၄)သွင်းယူခဲ့ပြီး တစ်ပွဲတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းထက် ပိုမိုကောင်းမွန်လျက်ရှိသည်။ ယခုနှစ်ဘောလုံးရာသီမတိုင်ခင် ရီးယဲယ်အတွက် စီရော်နယ်လ်ဒို အကောင်းဆုံးစွမ်းဆောင်ခဲ့သည့်ရာသီမှာ ၂၀၁၁-၁၂ ရာသီက (၃၅)ပွဲကစားကာ ဂိုး(၆၀)သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

## မက်ဆီအတွက် မန်စီးတီးအသင်း ယူရိုသန်း(၂၀၀)ပေးမည်ဟု သတင်းထွက်

မန်စီးတီးအသင်းသည် ဘာစီလိုနာတိုက်စစ်မှူးမက်ဆီအားခေါ်ယူရန်အတွက် ယူရိုသန်း(၂၀၀)ခန့်အသုံးပြုသွားဖွယ်ရှိနေကြောင်း ကတ်တလန်အခြေစိုက်သတင်းစာတစ်စောင်မှ ဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းနှင့်တိုက်စစ်မှူးမက်ဆီတို့ကြား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေသော်လည်း ကြန့်ကြာမှုများဖြစ်ပေါ်နေသဖြင့် မန်စီးတီးအသင်းက မက်ဆီအား ယင်းပမာဏဖြင့် ဘာစီလိုနာအသင်းထံကမ်းလှမ်းကာ ခေါ်ယူရန်စီစဉ်နေခြင်းလည်းဖြစ်သည်။ ဘာစီလိုနာအသင်းအနေဖြင့်လည်း မက်ဆီအား စာချုပ်သက်တမ်းတိုးရန် အဆင်မပြေပါက ရောင်းချသွားရန် စဉ်းစားသွားနိုင်ကြောင်း သိရသည်။ မက်ဆီကမူ ကမ္ဘာ့စံချိန်တင်လစာပေးချေရန် ဘာစီလိုနာအသင်းထံတောင်းဆိုထားကြောင်း အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။

### BRIEF

❐ အက်သလက်တီကိုအသင်းနည်းပြဆီမြွန်နီက မိမိတို့အသင်းမှကစားသမားများကို ဥရောပအသင်းကြီးများစွာက စိတ်ဝင်စားနေသော်လည်း မစိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

❐ ပြီးခဲ့သည့်သောကြာနေ့က ကစားခဲ့သော ဗယ်လက်ကာနိအား(၃-၀)ဂိုးဖြင့်အနိုင်ရခဲ့သည့် ပွဲအပြီးတွင် ဘီလ်ဘာအိုအသင်းမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

❐ ရီးယဲယ်အသင်းဥက္ကဋ္ဌဖလော်ရင်တီနိုပီရက်ဇ်က လက်ရှိဘောလုံးရာသီမှ ရီးယဲယ်အသင်း၏စွမ်းဆောင်ရည်မှာ မိမိ၏ဥက္ကဋ္ဌသက်တမ်းတစ်လျှောက် အကောင်းဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။

❐ ဘာစီလိုနာနှင့်ဘေယန်မြူးနစ်အသင်းတို့မှစိတ်ဝင်စားနေသည့် ဘီလ်ဘာအိုအသင်းနောက်ခံလူ လာပေါ်တေက ဘီလ်ဘာအိုအသင်းတွင်သာ လာမည့်ရာသီတွင် ဆက်လက်ရှိနေမည်ဟု ပြောကြားခဲ့သည်။

❐ ဘာစီလိုနာအသင်းခေါင်းဆောင်ဇာဗီက မိမိတို့အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် မမျှော်လင့်ထားသည်များကိုရင်ဆိုင်ခဲ့ရကြောင်းနှင့် မိမိတို့အသင်း၏အကောင်းဆုံးပုံစံကို တစ်ရာသီလုံးမပိုင်ဆိုင်ခဲ့ကြောင်း သုံးသပ်ခဲ့သည်။

❐ ဥရောပအသင်းကြီးများစွာကခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဗီအိုရင်တီးနားအသင်းမှ ကိုလံဘီယာတောင်ပံကစားသမားကွာဒရာဒိုနှင့် ဘာစီလိုနာအသင်းတို့ကြား ပုဂ္ဂိုလ်ရေးသဘောတူညီမှုများရရှိခဲ့ပြီဖြစ်ကြောင်း စပိန်သတင်းစာ Mundo Deportivo ကဖော်ပြခဲ့သည်။

First Eleven Sports Journal Vol:14 No.48 8, May, 2014

# ကလပ်အသင်း(၉)သင်း၏ဘဏ္ဍာရေးအခြေအနေကို UEFA စစ်ဆေးမည်

## စည်းကမ်းချိုးဖောက်သည့်ကလပ်များကို ပြတ်သားစွာအရေးယူရန် အာစင်ဝင်းဂါးတိုက်တွန်း



Photo: AFP

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)သည် ကလပ်အသင်း(၉)သင်းအား ၎င်းတို့ချမှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမှုရှိမရှိကို ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း AFP သတင်းဌာနကဖော်ပြခဲ့သည်။

UEFA ၏ ကလပ်အသင်းများဘဏ္ဍာရေးကိုထိန်းချုပ်သည့်အဖွဲ့အစည်း(CFCB)က ဥရောပပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသည့် ကလပ်အသင်း (၂၃၇)သင်းအနက် (၇၆)သင်းကို ၎င်းတို့၏ဘဏ္ဍာရေးအခြေအနေနှင့်ပတ်သက်သည့် အချက်အလက်များတောင်းခံကာ စစ်ဆေးမှုပြုလုပ်ခဲ့သည်။ CFCB သည် အဆိုပါ(၇၆)သင်းထဲမှ(၆၇)သင်း၏ ဘဏ္ဍာရေးအခြေအနေများကို စစ်ဆေးမှုပြုလုပ်ခဲ့ပြီး (၉)သင်းသာ စစ်ဆေးရန် ကျန်ရှိတော့ကြောင်းသိရသည်။ အဆိုပါကလပ်အသင်း(၉)သင်း၏ အမည်ကိုထုတ်ပြန်ကြေညာခဲ့ခြင်းမရှိသော်လည်း ယင်းကလပ်များထဲတွင် ဥရောပထိပ်သီးအသင်းများဖြစ်ကြသည့် မန်စီးတီး၊ PSG အသင်းတို့ပါဝင်ဖွယ်ရှိနေပြီး၊ အဆိုပါကလပ်အသင်း(၉)သင်းအနက် မည်သည့်အသင်းမှာ UEFA ၏အရေးယူမှုနှင့်ရင်ဆိုင်ရမည်ကို ပရိသတ်များကစိတ်ဝင်တစားစောင့်ကြည့်နေကြောင်း AFP ကဖော်ပြခဲ့သည်။ CFCB အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်သည့် အသင်းကို မြင့်မားသည့်ဒဏ်ငွေချမှတ်ခြင်း၊ လာမည့်ရာသီချန်ပီယံလိဂ်တွင် အဆိုပါကလပ်အသင်းမှ ကစားသမားများ၏ လစာငွေကိုဝင်ရောက်ထိန်းချုပ်ပေးခြင်းစသည်တို့ကို အပြည့်အဝလုပ်ဆောင်နိုင်ခွင့်ရှိကြောင်း သိရသည်။

> အဲဒီစည်းမျဉ်းတွေဟာ လူလေးစားလောက်တဲ့အနေအထားမှာမရှိခဲ့ရင် အနာဂတ်မှာ ဒီစည်းမျဉ်းတွေကို ဘယ်သူကမှလေးစား လိုက်နာမှာ မဟုတ်တော့ပါဘူး...

UEFAသည် ကစားသမားများအပေါ် ကလပ်အသင်းများ၏ အသုံးစရိတ်ကို ကန့်သတ်ထိန်းချုပ်ရန်နှင့် အနာဂတ်တွင် ကလပ်အသင်းများ၏ ဘဏ္ဍာရေးအရှုံးပေါ်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ပြစ်ဒဏ်ချမှတ်ကာ အရေးယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ UEFA၏စည်းမျဉ်းများအရ ကလပ်အသင်းများအနေဖြင့် ပြီးခဲ့သည့်(၂)နှစ်အတွင်း ပေါင်(၃၇)သန်းအထိ ဘဏ္ဍာရေးအရှုံးပြခွင့်ရှိပြီး ယင်းပမာဏကိုကျော်လွန်ပါက အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

UEFAသည် ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်သည့်အသင်းများကို လာမည့်ရာသီ ဥရောပပြိုင်ပွဲဝင်ခွင့် ပိတ်ပင်မည်ဟု ဆိုထားသော်လည်း ဥရောပထိပ်သီးအသင်းများကိုမူ အရေးယူဖွယ်မရှိဟုလည်း ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိနေရာ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက UEFA အနေဖြင့် စည်းကမ်းချိုးဖောက်သည့် ကလပ်အသင်းများကိုပြစ်ဒဏ်ချမှတ်ရာ၌ပြတ်သားမှုရှိရန်လိုအပ်ကြောင်းတိုက်တွန်းပြောဆိုခဲ့သည်။ အာစင်ဝင်းဂါးက “UEFA ကချမှတ်ထားတဲ့ ဘဏ္ဍာရေးစည်းမျဉ်းတွေကို ကလပ်အသင်းတွေလိုက်နာရမှာဖြစ်ပြီး၊ မလိုက်နာတဲ့အသင်းတွေကိုတော့ စည်းမျဉ်းအတိုင်းဆောင်ရွက်ရမှာပါ။ အဲဒီစည်းမျဉ်းတွေဟာ လူလေးစားလောက်တဲ့အနေအထားမှာမရှိခဲ့ရင် အနာဂတ်မှာ ဒီစည်းမျဉ်းတွေကို ဘယ်သူကမှလေးစားလိုက်နာမှာ မဟုတ်တော့ပါဘူး”ဟု ပြောကြားခဲ့သည်။

# ဘုတ်အဖွဲ့ဒါရိုက်တာများ၏မဲပေးထောက်ခံချက်အရ ဘေယန်မြူးနစ် အသင်းဥက္ကဋ္ဌသစ်အဖြစ် ဒုဥက္ကဋ္ဌဖြစ်သူကားလ်ဟော့ဖ်နာရွေးချယ်ခံခဲ့ရ


Photo: AFP

ဘေယန်မြူးနစ်အသင်းဒုဥက္ကဋ္ဌဖြစ်သူကားလ်ဟော့ဖ်နာသည် ဘုတ်အဖွဲ့ဝင်များ၏ မဲပေးထောက်ခံချက်အရ ဘေယန်မြူးနစ်ဥက္ကဋ္ဌသစ်အဖြစ်ရွေးချယ်ခံခဲ့ရကြောင်းသိရသည်။ ဘေယန်မြူးနစ်ဥက္ကဋ္ဌဟူလီဟိုးနက်စ်မှာ အခွန်ငွေရှောင်လွှဲသည့်ပြဿနာများကြောင့် ထောင်ဒဏ်(၃)နှစ်ခွဲပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး မကြာမီထောင်ဒဏ်ကျခံရတော့မည်ဖြစ်ရာ ၎င်း၏ဥက္ကဋ္ဌရာထူးမှနုတ်ထွက်ခဲ့သဖြင့် ဥက္ကဋ္ဌသစ်အဖြစ်ဟော့ဖ်နာကိုခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဘေယန်မြူးနစ်အသင်းမှ ဘုတ်အဖွဲ့တာဝန်ရှိသူများသည် ယင်းကိစ္စနှင့် ပတ်သက်၍ ပြီးခဲ့သည့်သောကြာနေ့က အထူးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး၌ ဟော့ဖ်နာကို ဥက္ကဋ္ဌအဖြစ်ခန့်အပ်ရန် ထောက်ခံသည့်မဲအရေအတွက်(၁၅၉၃)မဲအထိရရှိခဲ့ကြောင်း သိရသည်။ အသက်(၆၁)နှစ်အရွယ်ရှိပြီဖြစ်သူ ကားလ်ဟော့ဖ်နာသည် ဘေယန်မြူးနစ်အသင်းတွင် အမှုဆောင်ကော်မတီဝင်အဖြစ်သာမက ဒုဥက္ကဋ္ဌအဖြစ်ပါ နှစ်ပေါင်း(၁၀)ကျော်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၎င်းက ဟူလီဟိုးနက်စ်အနေဖြင့် မကြာမီခက်ခဲသည့်အချိန်များနှင့်ရင်ဆိုင်ရတော့မည်ဖြစ်ပြီး အားအင်အပြည့်နှင့်ရင်ဆိုင်နိုင်ရန် မိမိတို့ဆုတောင်းပေးပါကြောင်း၊ ယင်းကာလလွန်မြောက်ခဲ့ပါက ၎င်း၏ ဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်နိုင်ကြောင်းပြောကြားခဲ့သည်။

ဟူလီဟိုးနက်စ်သည် ထောင်ဒဏ်ပြစ်ဒဏ်ကျခံပြီးပါက ဘောလုံးလောကမှအနားယူမည်မဟုတ်ဟု အဆိုပါအစည်းအဝေးတွင် ဝန်ခံပြောကြားခဲ့ကြောင်းလည်းသိရသည်။

ဘေယန်မြူးနစ်ဥက္ကဋ္ဌသစ်ဟော့ဖ်နာနှင့် ဥက္ကဋ္ဌဟောင်း ◄ ဟူလီဟိုးနက်စ်တို့အား အစည်းအဝေးတွင်တွေ့ရစဉ်

## နည်းပြသစ်အဖြစ် ဘီယယ်ဆာကို မာဆေးလ်ခန့်အပ်

မာဆေးလ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် ဘီယယ်ဆာကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ အသက်(၅၈)နှစ်အရွယ် အာဂျင်တီးနား၊ ချီလီနှင့်ဘီလ်ဘာအိုနည်းပြဟောင်း ဘီယယ်ဆာသည် ပြင်သစ်လီဂူးပြိုင်ပွဲပြီးဆုံးသည့်အချိန်တွင် မာဆေးလ်အသင်းနှင့် တရားဝင်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး စာချုပ်သက်တမ်းကိုမူ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ဘီယယ်ဆာသည် နည်းပြဘဝတွင် ဘီလ်ဘာအိုအသင်းနှင့်အတူ အောင်မြင်မှုများရယူနိုင်ခဲ့သူလည်းဖြစ်သည်။

## လူမျိုးရေးခွဲခြားမှုမှာ ကမ္ဘာတိုင်းတွင်ရှိနေဟု ပီလီဆို

ဘရာဇီးလ်ဂန္တဝင်ကစားသမားတစ်ဦးဖြစ်သူပီလီက လူမျိုးရေးခွဲခြားသည့်လုပ်ရပ်များမှာ ဘောလုံးတွင်သာမက လူမှုရေးကဏ္ဍအသီးသီးတွင်ဖြစ်ပွားလျက်ရှိနေပြီး မိမိတို့ခေတ်ကလည်း အသီးဖြင့်ပစ်ပေါက်ခံခဲ့ရသည့် ဖြစ်ရပ်မျိုးရှိခဲ့ကြောင်းပြောကြားခဲ့သည်။ ပီလီက “လူမျိုးရေးခွဲခြားမှုဆိုတာ ဘောလုံးလောကတစ်ခုတည်းမှာရှိတာမဟုတ်ဘဲ အခြားကဏ္ဍအသီးသီးမှာလည်း နှစ်ပေါင်းများစွာကတည်းကဖြစ်ပွားခဲ့ပြီး အခုမှမီဒီယာတွေက အရေးတယူလုပ်ပြီး ဖော်ပြနေကြတာပါ။ ကျွန်တော်တို့ဘောလုံးသမားခေတ်တုန်းကလည်း သရက်သီးတွေနဲ့ပစ်ပေါက်ခံရတာမျိုးတွေရှိခဲ့ပါတယ်” ဟုဆိုခဲ့သည်။

## ကစားဟန်ကိုပြောင်းလဲမည်မဟုတ်ဟု ဂွါဒီယိုလာပြောကြား

ဘေယန်မြူးနစ်အသင်းနည်းပြဂွါဒီယိုလာက ရီးယဲလ်ကိုအိမ်ကွင်းတွင် အရှက်တကွဲရှုံးနိမ့်ခဲ့ပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်မှထွက်ခဲ့ရသဖြင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသော်လည်း မိမိအသင်း၏ကစားဟန်ကိုပြောင်းလဲသွားမည်မဟုတ်ကြောင်းတုံ့ပြန်ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဂွါဒီယိုလာ၏ ဘောလုံးနည်းဗျူဟာပိုင်းအပေါ် ဝေဖန်မှုများထွက်ပေါ်လျက်ရှိနေရာ ၎င်းက “အသင်းတစ်သင်းဆိုတာ နည်းပြရဲ့စိတ်ကူးပေါ်မူတည်ပြီးကစားရတာဖြစ်ပါတယ်။ အခုကစားဟန်အတိုင်းပဲ ကျွန်တော်တို့အသင်းအောင်မြင်မှုတွေအများကြီးရယူနိုင်ခဲ့တာကို အားလုံးအသိပါပဲ”ဟုပြောကြားခဲ့သည်။

*AFC Challenge Cup 2014 ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်နေတဲ့ မြန်မာ့လက်ရွေးစင်အသင်းနဲ့ Singapore Lions XII အသင်းတို့ဟာ ပြီးခဲ့တဲ့မေ(၂)ရက်က သုဝဏ္ဏကွင်းမှာ ခြေစမ်းကစားခဲ့ပါတယ်။ မြန်မာအသင်းဟာ(၂-၁)ဂိုးနဲ့ အနိုင်ရရှိပြီး အေဗရာမိုဗစ်ရဲ့ ပထမဆုံးပွဲကတော့ အနိုင်နဲ့စတင်နိုင်ခဲ့ပါတယ်။*

# ကျေနပ်ဖွယ် ခြေစွမ်းမပြတ်ပေမယ့် အနိုင်ရလဒ်ယူနိုင်ခဲ့တဲ့ မြန်မာ

## မြန်မာ့လက်ရွေးစင်နှင့် Singapore Lions XII တို့၏ ခြေစမ်းပွဲ သုံးသပ်ချက်

### မြန်မာ ၂-၁ Lions XII

မြန်မာအသင်းနည်းပြချုပ်သစ် အေဗရာမိုဗစ်ရဲ့ ပထမဆုံးပွဲကတော့ ကျေနပ်စရာ ခြေစွမ်းမျိုးပြသနိုင်ခြင်းမရှိခဲ့ပေမယ့် အနိုင်ရလဒ်ကိုတော့ ရယူနိုင်ခဲ့ပါတယ်။ ပြင်ဆင်ချိန်ရက်ပိုင်းပဲရှိသေးတဲ့ မြန်မာအသင်းရဲ့ခြေစွမ်းပိုင်းကိုသုံးသပ်ရင် စောလွန်းနေသေးပေမယ့် ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းတွေက တိုးတက်လာတာရော၊ ကျဆင်းလာတာတွေရောတွေ့ရပါတယ်။ တချို့ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းက သာမန်သာကစားနိုင်ခဲ့ပြီး ကစားသမားတချို့ကတော့ အားကုန်ထုတ်ပြီး ကစားခဲ့တာကို တွေ့ရပါတယ်။ အေဗရာမိုဗစ်ဟာ ပွဲထွက်လူစာရင်းမှာ ရန်ပိုင်(အသင်းခေါင်းဆောင်)၊ ခင်မောင်လွင်၊ ကျော်ကိုကို၊ သီဟစည်သူ၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ မင်းမင်းသူ၊ ရဲဝင်းအောင်တို့ကို မျက်နှာသစ်ကစားသမားတွေဖြစ်တဲ့ သိန်းဇော်၊ ငြိမ်းချမ်းအောင်တို့နဲ့ တွဲဖက်အသုံးပြုခဲ့ပါတယ်။ သိန်းဇော်ကတော့ အခုပွဲကျမှ လက်ရွေးစင်ကစားသမားအဖြစ် ပထမဆုံးပွဲထွက်ဖူးတာဖြစ်ပြီး ငြိမ်းချမ်းအောင်ကတော့ ယူ-၁၉ လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဖန်ဒီအာမက်ရဲ့ Singapore LionsXII အသင်းကတော့ မလေးရှားစူပါလိဂ်ဒုတိယအကျော့အတွက် ပြင်ဆင်နေတယ်ဆိုတဲ့အတိုင်း သာမန်သာကစားသွားခဲ့ပြီး ကစားသမားတွေကို အလဲအလှယ်ပြုလုပ်ကာ ကစားသွားခဲ့ပါတယ်။ Singapore Lions XII အသင်းဟာ နေပြည်တော်အသင်းနဲ့ပွဲတုန်းကလို မျိုးကစားနိုင်ခြင်း မရှိခဲ့ပါဘူး။ မြန်မာအသင်းဟာ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံနဲ့ကစားခဲ့ပြီး ကျော်ကိုကို ဒေးဗစ်ဒန်းတို့ရဲ့တိုးအားတွေနဲ့ အဓိကတိုက်စစ်ဆင်ခဲ့တာပါ။ ဝါရင့်တိုက်စစ်မှူး ရန်ပိုင်ကတော့ လျင်မြန်မှုအပိုင်းမှာ အားနည်းပေမယ့် တိုက်စစ်ကိုတော့ ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ (၃၄)မိနစ်မှာ မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး ကျော်ကိုကို ထောင့်ဖြတ်ကန်သွင်းရာမှာ Singapore Lions XII အသင်းနောက်ခံလူနဲ့ထိပြီး ဂိုးဝင်သွားခဲ့တာဖြစ်ပါတယ်။ မြန်မာအသင်းရဲ့ ဦးဆောင်မှုဟာ (၂)မိနစ်သာကြာခဲ့ပြီး (၃၆)မိနစ်မှာ ဂါဘရီရယ်က Singapore Lions XII အသင်းအတွက်ချေပဂိုးပြန်သွင်းခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ မြန်မာအသင်းဟာအနိုင်ရဖို့အတွက် လူအပြောင်းအလဲတွေပြုလုပ်ခဲ့ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ မြန်မာတိုက်စစ်မှူးတွေ အဆုံးသတ်ပိုင်းအားနည်းနေလို့ ဂိုးရဖို့ခက်ခဲနေခဲ့ပြီး ပွဲပြီးခါနီးမှ အနိုင်ဂိုးရရှိခဲ့တာဖြစ်ပါတယ်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကိုတော့ (၈၆)မိနစ်မှာ လူစားဝင်တောင်ပံကစားသမား နေလင်းထွန်းက ဂိုးသမားကိုလိမ်ပြီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အေဗရာမိုဗစ်ရဲ့ ပထမဆုံးပွဲဟာ အနိုင်ရလဒ်နဲ့ စတင်နိုင်ခဲ့လို့ ကျေနပ်စရာကောင်းပေမယ့် AFC Challenge Cup ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့တော့ လုံလောက်တဲ့ခြေစွမ်းမျိုး မတွေ့ရသေးပါဘူး။ ထိုင်းခြေစမ်းခရီးစဉ်အပါအဝင် လက်ကျန်ကာလမှာ အေဗရာမိုဗစ် မြန်မာအသင်းကိုဘယ်လောက်တိုးတက်အောင်ပြုလုပ်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။



မြန်မာအသင်းမှ ဒေးဗစ်ဒန်း၏ထိုးဖောက်မှုကို Singapore Lions XII အသင်းနောက်ခံလူဖျက်ထုတ်နေစဉ် (ဓာတ်ပုံ - ညီညီစိုးညွန့်)




လူစားလဲကြသူများ



## နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆုများ ချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲကို ပြီးခဲ့သည့် မေ(၃)ရက်က နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် ကျင်းပပြုလုပ်ခဲ့ရာ ယင်းဆုပေးပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆုများကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆုများကို တစ်ဦးချင်း၌ ဝေဖြိုးအောင်(ဂူရှူး)နှင့် အသင်း/အဖွဲ့လိုက်၌ လှေလှော်က ပထမ၊ ရိုးရာခြင်းလုံးက ဒုတိယ၊ ပိုက်ကျော်ခြင်းက တတိယ ရရှိခဲ့ကြပြီး ဝင်းဇော်ထွန်း(စစ်တုရင်)နှင့် ဝင်းထိုက်(လှေလှော်)တို့မှာ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

## စင်ကာပူဖလား ဘောလုံးပြိုင်ပွဲဝင်ရန် ဖိတ်ကြားခံရ

စင်ကာပူဘောလုံးအဖွဲ့ချုပ်(FAS)က ဦးဆောင်ကျင်းပမည့် စင်ကာပူဖလားဘောလုံးပြိုင်ပွဲကို MNL ကလပ်အသင်းတစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ထံသို့ ဖိတ်ကြားထားကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို MNL ကလပ်အသင်းများဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်တွင် ဟံသာဝတီယူနိုက်တက်(ယခင် ဉဿာယူနိုက်တက်)၊ ၂၀၁၂ ခုနှစ်တွင် KBZ အသင်းတို့ ယှဉ်ပြိုင်ခဲ့ဖူးကာ နှစ်ကြိမ်စလုံး ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

## ဗီဇာအခက်အခဲကြောင့် အောင်လအန်ဆန်ပွဲ ပျက်ပြယ်

One Fighting Championship(OFC)ကဦးဆောင်၍ Rise Of Heroes ပြိုင်ပွဲကို ပြီးခဲ့သည့်မေ(၂)ရက်က ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ယင်းပြိုင်ပွဲကို မြန်မာကိုယ်စားပြု အောင်လအန်ဆန် ဝင်ရောက်ယှဉ်ပြိုင်ရန် မူလက စီစဉ်ခဲ့သော်လည်း ဗီဇာအခက်အခဲကြောင့် ပျက်ပြယ်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲစီစဉ်သူများသည် မစ်ဒယ်ဝိတ်တန်း၌ အောင်လအန်ဆန်နှင့်ယှဉ်ပြိုင်ထိုးသတ်ရန် အီဂျစ်လက်ဝှေ့သမား မာ့ရှ်မောက်ဒ်ဆာလာမာ(Mahmoud Salama)နှင့် စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# MFF Ooredoo Cup 2014 ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များအတွက် မဲခွဲခြင်းအခမ်းအနား ပြုလုပ်

MFF Ooredoo Cup 2014 ရှုံးထွက်ဘောလုံးပြိုင်ပွဲဒုတိယအဆင့် ပွဲစဉ်များအတွက်မဲခွဲခြင်းအခမ်းအနားကို ပြီးခဲ့သည့် မေ(၂)ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒုတိယအဆင့်ပွဲစဉ်များကို လာမည့် မေ(၇၊ ၈၊ ၉)ရက်များတွင် ရန်ကုန်မြို့ရှိ ပဒုမ္မာနှင့် စလင်းကွင်းတို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ရာသီ MNL တွင် ရုန်းကန်နေရသည့် Southern အသင်းမှာ ရခိုင်ယူနိုက်တက်နှင့်တွေ့ဆုံနေသောကြောင့် ပွဲကျဝ်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နောက်တစ်ဆင့်အတွက် ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။ ဒုတိယအဆင့်၌ အနိုင်ရရှိပြီး တက်ရောက်လာမည့် အသင်း(၅)သင်းမှာ MNL အသင်းကြီး(၇)သင်းဖြစ်သည့် ရတနာပုံ၊ KBZ၊ ဧယျာဝတီ၊ ရွှေမြေ၊ ရောဝတီ၊ မကွေး၊ မနောမြေ ဇွဲကပင် အသင်းတို့နှင့် တတိယအဆင့်ပွဲစဉ်များအဖြစ်ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး AFC Cup ဝင်ခွင့်ရ ရန်ကုန်နှင့် နေပြည်တော်အသင်းတို့မှာမူ ကွာတား(စတုတ္ထအဆင့်)မှ ကစားရမည်ဖြစ်ကြောင်းသိရသည်။



ဒုတိယအဆင့်အတွက် မဲခွဲခြင်းပြုလုပ်နေစဉ် (ဓာတ်ပုံ-ညီညီစိုးညွန့်)

### ဒုတိယအဆင့်ပွဲစဉ်များ

၇-၅-၂၀၁၄

| | | | |
|---|---|---|---|
| ဟံသာဝတီ | - | မောရဝတီ | ပဒုမ္မာ |
| မြဝတီ | - | GFA | ပဒုမ္မာ |

၈-၅-၂၀၁၄

| | | | |
|---|---|---|---|
| ရခိုင် | - | Southern | ပဒုမ္မာ |
| ဒဂုံ FC | - | ချင်း | စလင်း |

၉-၅-၂၀၁၄

| | | | |
|---|---|---|---|
| Horizon | - | မြန်မာလျှင်ယဉ် | ပဒုမ္မာ |

# မြန်မာအသင်း ထိုင်းနိုင်ငံ၌နေထိုင်လေ့ကျင့်ပြီးခြေစမ်းပွဲများကစားရန် မေ(၆)တွင်ထွက်ခွာ

## ခရီးစဉ်အတွင်း၌ ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲ(၂)ပွဲကစားရန် စီစဉ်ထား

AFC Challenge Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့ သွားရောက်၍ နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများကစားရန်အတွက် မေ(၆)ရက်(ယနေ့)တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းနိုင်ငံခရီးစဉ်အတွင်း၌ ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲ(၂)ပွဲကစားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာအသင်းသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ မေ(၆)ရက်မှ(၁၆)ရက်အထိ နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး AFC Challenge Cup ပြိုင်ပွဲကျင်းပမည့် မော်လ်ဒိုက်နိုင်ငံသို့တိုက်ရိုက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ AFC Challenge Cup ပြိုင်ပွဲကို မော်လ်ဒိုက်နိုင်ငံတွင် လာမည့်မေ(၁၉)ရက်မှ (၃၀)ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(က)တွင် အိမ်ရှင် မော်လ်ဒိုက်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်းအသင်းတို့နှင့်အတူကျရောက်နေလျက်ရှိကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား(၂၈)ဦးဖြင့် ဖွဲ့စည်းထားပြီး မေ(၆)ရက်တွင် ကစားသမား(၁၈)ဦးလိုက်ပါသွားမည်ဖြစ်ကာ ရန်ကုန်နှင့် နေပြည်တော်အသင်းတို့မှ ကစားသမား(၁၀)ဦးမှာမူ ကလပ်အသင်းများ၏ AFC Cup ရှုံးထွက်ပွဲစဉ်များပြီးမှသာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

■ ■ ■

### ထိုင်းနိုင်ငံတွင် လာရောက်ပူးပေါင်းမည့် ကစားသမား(၁၀)ဦး

*ဂိုး* - ဗန်လားဟျှယ်(နေပြည်တော်)၊ *နောက်တန်း* - ပြည့်ဖြိုးအောင်၊ အောင်ဇော်၊ အောင်သိုက်၊ စည်သူအောင်၊ ခင်မောင်လွင် (ရန်ကုန်)၊ *အလယ်တန်း* - ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ရာဇာဝင်းသိန်း၊ (ရန်ကုန်)၊ *ရှေ့တန်း* - ကျော်ကိုကို(ရန်ကုန်)။

### မေ(၆)ရက်တွင် လိုက်ပါသွားမည့် ကစားသမား(၁၈)ဦး

*ဂိုး* - သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ဟံသာဝတီ) *နောက်တန်း* - ရဲဝင်းအောင်၊ ဇော်မင်းထွန်း(ရတနာပုံ)၊ အောင်ဟိန်းကျော် (ဧယျာရွှေမြေ)၊ သိန်းဇော်(ဇွဲကပင်)၊ ဟိန်းသီဟဇော်(ရောဝတီ)၊ *အလယ်တန်း* - မင်းမင်းသူ၊ နေလင်းထွန်း၊ ကျော်မင်းဦး(ရောဝတီ)၊ ငြိမ်းချမ်းအောင်(မနောမြေ)၊ ချစ်စုမိုး(ချင်း)၊ ထူးထူးအောင်(မကွေး)၊ ရန်အောင်ဝင်း(ရတနာပုံ)၊ *ရှေ့တန်း* - ရဲအောင်(Southern)၊ ကောင်းစည်သူ၊ ရန်ပိုင်(ရတနာပုံ)



ထိုင်းနိုင်ငံခြေစမ်းခရီးစဉ်မတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားများကို လေ့ကျင့်ရေးကွင်းတွင် တွေ့ရစဉ် (ဓာတ်ပုံ-သက်ထွန်းအောင်)

First Eleven Sports Journal Vol:14 No.48 8, May, 2014

# နိုင်ပွဲနဲ့စတင်ခဲ့တဲ့ မြန်မာအသင်းရဲ့ရှေ့ခရီး

စိုးညီ

မြန်မာ့လက်ရွေးစင်အသင်းဟာ ၂၀၁၄ မှာ နိုင်ပွဲနဲ့ စတင်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလ(၂) ရက်နေ့က မြန်မာ့လက်ရွေးစင်အသင်းဟာ စင်ကာပူ Lions XII အသင်းကို (၂-၁)ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ စင်ကာပူ Lions XII အသင်းနဲ့ ကစားခဲ့တဲ့ခြေစမ်းပွဲက မြန်မာ့လက်ရွေးစင်အသင်းအတွက် ၂၀၁၄ မှာ ပထမဆုံးနိုင်ငံတကာပွဲဖြစ်သလို မြန်မာအသင်းနည်းပြ အေဗရာမိုဗစ်အတွက်လည်း ပွဲဦးထွက်မျက်နှာပန်းလှခဲ့တယ်လို့ ဆိုနိုင်တယ်။

ဒါ့အပြင် မြန်မာ့လက်ရွေးစင်အသင်းရဲ့ ရှေ့ဆက်ရမယ့်ခရီးအတွက် ကြိုတင်အကဲခတ်နိုင်ဖို့အတွက် အထောက်အကူပြုတဲ့ခြေစမ်းပွဲလည်း ဖြစ်ပါတယ်။ မြန်မာအသင်းရဲ့ ကစားပုံဟာ Lions XII အသင်းနဲ့ခြေစမ်းပွဲမှာ အပြစ်ပြောစရာသိပ် မရှိပါဘူး။ မြန်မာအသင်းက ပြိုင်ဘက်အပေါ် ပွဲချိန်ပြည့်နီးပါးအသာစီးရခဲ့တယ်။ အမှားအယွင်းလည်းနည်းတယ်။ နည်းပြရဲ့ ပွဲဦးထွက်စာရင်းနဲ့ ကစားသမားလဲလှယ်မှုတွေကလည်း လက်ခံနိုင်စရာပါပဲ။ ဒါပေမဲ့ Lions XII အသင်းက မြန်မာ့လက်ရွေးစင်အသင်းအတွက် ပြိုင်ဘက်ကောင်းမဟုတ်တာကိုတော့ သတိထားရပါမယ်။ နာမည်ကြီးတိုက်စစ်မှူးဟောင်း ဖန်ဒီအာမက်တာဝန်ယူနေတယ်ဆိုပေမယ့် လူငယ်အများစုကို အခြေခံထားတဲ့အသင်းသာဖြစ်ပါတယ်။ သူတို့အသင်းမှာ စင်ကာပူလက်ရွေးစင် ဘယ်နှယောက် ပါသလဲ။ ကိုယ့်အသင်းက လက်ရွေးစင်အသင်း။ လက်ရှိမြန်မာရဲ့ အကောင်းဆုံးတွေကိုရွေးချယ်ပြီး ဖွဲ့စည်းထားတဲ့ မြန်မာ့လက်ရွေးစင်အသင်းက လူငယ်တွေကို အားပြုထားတဲ့ စင်ကာပူ Lions XII အသင်းကို အနိုင်ရသင့်လို့နိုင်တယ်ဆိုတာထက် ပိုပြီးဂုဏ်မယူသင့်ပါဘူး။ Lions XII ကို မြန်မာ့လက်ရွေးစင်အသင်းသာမက နေပြည်တော်အသင်းလည်း နိုင်အောင်ကစားနိုင်ခဲ့တယ်။ နေပြည်တော်အသင်းက နိုင်ငံခြားသားကစားသမားတွေမပါဘဲ ပြည်တွင်းကစားသမားတွေနဲ့သာ အနိုင်ယူခဲ့တာပါ။ Lions XII အသင်းက မြန်မာ့လက်ရွေးစင်အသင်းအတွက် ပြိုင်ဘက်ကောင်းမဟုတ်သလို ဂုဏ်ယူဖွယ်နိုင်ပွဲလည်း မဟုတ်ဘူးဆိုပေမယ့် မြန်မာအသင်းရဲ့ စွမ်းဆောင်မှုအပိုင်းကိုကြည့်ရင် ကျေနပ်လက်ခံစရာတွေလည်း ရှိပါတယ်။

မြန်မာ့လက်ရွေးစင်အသင်းအကြောင်းပြောရရင် အေဗရာမိုဗစ်အသုံးပြုခဲ့တဲ့ ပွဲထွက်စာရင်းက စရပါမယ်။ အေဗရာမိုဗစ်က မြန်မာ့လက်ရွေးစင်အသင်းမှာ သီဟစည်သူ(ဂိုး)၊ ခင်မောင်လွင်၊ ဇော်မင်းထွန်း၊ သိန်းဇော်၊ ရဲဝင်းအောင်၊ ငြိမ်းချမ်းအောင်၊ မင်းမင်းသူ၊ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ကျော်ကိုကို၊ ရန်ပိုင်တို့ကို အသုံးပြုထားပါတယ်။ ဒီလူစာရင်းမှာပါတဲ့ ကစားသမားအများစုဟာ ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းရဲ့ အမာခံကစားသမားဖြစ်လာနိုင်သူတွေလို့ ယူဆရပါတယ်။ ခင်မောင်လွင်ကို ကွင်းလယ်အဖျက်နေရာမှာ မထားဘဲ နောက်တန်း ဘယ်အစွန် (Left Side Back) မှာ ထားကစားတာက လူမှန်နေရာမှန်လို့ ဆိုနိုင်တယ်။ နောက်တန်းအတွင်းလူနေရာမှာ ဇော်မင်းထွန်းနဲ့တွဲပြီး လူသစ် သိန်းဇော်ကို ပွဲထုတ်တာကလည်း မှန်ကန်တဲ့လုပ်ရပ်ပါပဲ။ မြန်မာ့လက်ရွေးစင်အသင်းနဲ့ မြန်မာယူ-၂၃ အသင်းရဲ့ Center Back နေရာမှာ ဇော်မင်းထွန်း အမာခံရှိနေပေမယ့် ကျန်တစ်နေရာအားနည်းနေတာ အရင်နည်းပြပတ်ဆောင်ဟွာလက်ထက်ကတည်းကဖြစ်ပါတယ်။ ဒီနေရာအတွက် အေဗရာမိုဗစ်စမ်းသပ်မှုလုပ်ဖို့ လိုပါတယ်။ ပြိုင်ပွဲမတိုင်မီ မှန်ကန်တဲ့ရွေးချယ်မှုပြုလုပ်ဖို့လိုမယ်။ Lions XII အသင်းနဲ့ခြေစမ်းပွဲမှာ သိန်းဇော်ကို ပွဲထွက်စာရင်းမှာအသုံးပြုပြီး ဝါရင့် အောင်ဟိန်းကျော်ကိုတော့ လူစားဝင်ကစားသမားအဖြစ် စမ်းသပ်သွားတာတွေ့ရပါတယ်။

Lions XII အသင်းနဲ့ ခြေစမ်းပွဲက မြန်မာအသင်းရဲ့အားသာချက်လို့ ပြောနိုင်တာကတော့ မြန်မာအသင်းရဲ့ ကွင်းလယ်လုပ်အားနှုန်းတက်လာတာပါပဲ။ အထူးသဖြင့် ကွင်းလယ်အတွဲဖြစ်တဲ့ မင်းမင်းသူနဲ့ ရန်အောင်ကျော်တို့ဟာ အသင်းရဲ့ ဟန်ချက်ကို အဓိကထိန်းကစားပေးသွားတယ်လို့မြင်မိပါတယ်။ ဒီအတွဲဟာ ၂၀၁၁ ဆီးဂိမ်းစ်မှာလည်း အတွဲညီညီ ခြေစွမ်းပြခဲ့တာ မှတ်မိသေးတယ်။ နောက်ပိုင်းတော့ မင်းမင်းသူ ဒဏ်ရာပြဿနာတွေနဲ့ ရှန်းကန်ခဲ့ရသလို ရန်အောင်ကျော်လည်း ခြေစွမ်းအတက်အကျ များခဲ့တယ်။ ပတ်ဆောင်ဟွာလက်ထက်က မြန်မာအသင်းရဲ့ အားအနည်းဆုံးနေရာဖြစ်ခဲ့တဲ့ Center Midfield ဟာ အေဗရာမိုဗစ်လက်ထက်မှာ အားကောင်းတဲ့ နေရာဖြစ်လာနိုင်ပါတယ်။ ကွင်းလယ်ညာတောင်ပံမှာ ဒေးဗစ်ဒန်းရှိပြီး ကြည်လင်းသာ ပြန်ကစားနိုင်ရင် မြန်မာအသင်းရဲ့ အလယ်တန်းစုဖွဲ့မှု ပိုပိုအားကောင်းသွားပါလိမ့်မယ်။ မြန်မာအသင်းရဲ့ တိုက်စစ်အတွဲအဖြစ် အေဗရာမိုဗစ်အသုံးပြုခဲ့တဲ့ ကျော်ကိုကိုနဲ့ ရန်ပိုင်လည်း တာဝန်ကျေအောင် ကစားသွားနိုင်တာတွေ့ရတယ်။ ဝါရင့်တိုက်စစ်မှူး ရန်ပိုင်ရဲ့ ကစားပုံက ပရိသတ်အကြိုက်မတွေ့ပေမယ့် အပြစ်ပြောစရာသိပ်မရှိဘဲ အသင်းအတွက် အထောက်အကူဖြစ်စေခဲ့တယ်လို့ဆိုနိုင်ပါတယ်။

မြန်မာ့လက်ရွေးစင်အသင်းဟာ ဧပြီ(၂၄) ရက်ကမှ လေ့ကျင့်မှုစခဲ့တာဖြစ်လို့ Lions XII အသင်းနဲ့ ခြေစမ်းပွဲအတွက် ပြင်ဆင်ချိန်သိပ်မရခဲ့ဘူး။ ဒါပေမဲ့ အသင်းလိုက် အချိတ်အဆက်နဲ့ဟန်ချက်ညီအောင် ထိန်းကစားသွားပုံက ဆိုးဆိုးရွားရွားမဖြစ်ခဲ့ပါဘူး။ ဒါကလည်း အေဗရာမိုဗစ်ရဲ့ကစားကွက်ကြောင့်ဖြစ်နိုင်ပါတယ်။ သူက Lions XII အသင်းနဲ့ပွဲစဉ်မှာ (၄-၄-၂)ကစားကွက်ပဲအခြေခံပြီး ကစားသမားတွေကို လူနေရာချထားတယ်။ ကစားသမားတစ်ဦးချင်းစီကို တာဝန်ပေးတဲ့အပိုင်းမှာလည်း ရှုပ်ထွေးမှုသိပ်မရှိတော့ မြန်မာကစားသမားတွေ အချိန်တိုအတွင်း အသားကျခဲ့တာဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် Lions XII အသင်းနဲ့ခြေစမ်းပွဲက မြန်မာအသင်းရဲ့ခြေစွမ်းဟာ အတိုင်းအတာတစ်ခုထိ ကျေနပ်စရာအနေအထားမှာရှိပါတယ်။ ဒါပေမဲ့ မြန်မာအသင်းရဲ့ရှေ့ခရီးက အများကြီး ကျန်ပါသေးတယ်။ ထိုင်းနိုင်ငံမှာ သွားရောက်လေ့ကျင့်ခြေစမ်းမယ့်အစီအစဉ်နဲ့ ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲတွေယှဉ်ပြိုင်ဖို့ ရှိနေပါသေးတယ်။

မေလ(၁၉)ရက်ကနေ (၃၁)ရက်အထိ မော်လ်ဒိုက်နိုင်ငံမှာ ကျင်းပမယ့် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲဟာ မြန်မာ့အသင်းရဲ့ အနေအထားအမှန်ကို မှတ်ကျောက်တင်မယ့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ အေဗရာမိုဗစ်လက်ထက် မြန်မာအသင်းရဲ့ အနေအထား အမှန်တကယ် တိုးတက်လာပြီလားဆိုတာကို AFC Challenge Cup ပြိုင်ပွဲမှာစောင့်ကြည့်ရပါမယ်။ ပြီးတော့ နှစ်ကုန်ပိုင်းမှာကျင်းပမယ့် ဆူဇူကီးဖလား (Suzuki Cup) ပြိုင်ပွဲဟာ ၂၀၁၄ မြန်မာ့ဘောလုံးအဆင့်အတန်းနဲ့ အေဗရာမိုဗစ်ရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးမယ့် ပြိုင်ပွဲဖြစ်လာပါလိမ့်မယ်။

"လက်ရှိမြန်မာရဲ့ အကောင်းဆုံးတွေကို ရွေးချယ်ပြီး ဖွဲ့စည်းထားတဲ့ မြန်မာ့လက်ရွေးစင်အသင်းက လူငယ်တွေကို အားပြုထားတဲ့ စင်ကာပူ Lions XII အသင်းကို အနိုင်ရသင့်လို့ နိုင်တယ်ဆိုတာထက် ပိုပြီးဂုဏ်မယူသင့်ပါဘူး..."





**2014 AFC Challenge Cup (မော်လ်ဒိုက်)**

အုပ်စု(က) - မော်လ်ဒိုက်၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်၊ မြန်မာ
အုပ်စု(ခ) - တာ့ခ်မင်နစ္စတန်၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ လာအို

| | | | |
|---|---|---|---|
| ၁၉-၅-၁၄ | မော်လ်ဒိုက် | - | မြန်မာ |
| | ပါလက်စတိုင်း | - | ကာဂျစ္စတန် |
| ၂၀-၅-၁၄ | တာ့ခ်မင်နစ္စတန် | - | လာအို |
| | ဖိလစ်ပိုင် | - | အာဖဂန်နစ္စတန် |
| ၂၁-၅-၁၄ | မြန်မာ | - | ပါလက်စတိုင်း |
| | ကာဂျစ္စတန် | - | မော်လ်ဒိုက် |
| ၂၂-၅-၁၄ | လာအို | - | ဖိလစ်ပိုင် |
| | အာဖဂန်နစ္စတန် | - | တာ့ခ်မင်နစ္စတန် |
| ၂၃-၅-၁၄ | မော်လ်ဒိုက် | - | ပါလက်စတိုင်း |
| | မြန်မာ | - | ကာဂျစ္စတန် |
| ၂၄-၅-၁၄ | တာ့ခ်မင်နစ္စတန် | - | ဖိလစ်ပိုင် |
| | အာဖဂန်နစ္စတန် | - | လာအို |
| ၂၇-၅-၁၄ | ဆီမီးဖိုင်နယ် | | |
| ၂၈-၅-၁၄ | တတိယနေရာလုပွဲ/ဗိုလ်လုပွဲ | | |

# ပရီးမီးယားလိဂ်ကို ဒတ်ချ်တွေ နယ်ချဲ့တော့မှာလား?

ဝေယံအောင်

မန်ယူက ဗန်ဟားလ်ကို ရက်ပိုင်းအတွင်း ခန့်အပ်တော့မယ်၊ စပါးအသင်းက တင်မ်ရှားဝုဒ်နေရာ ဖရန့်ဒီဘိုးဝါးကို အစားထိုးမယ်ဆိုတဲ့သတင်းတွေနဲ့အတူ ဟော်လန်နိုင်ငံသား ဒတ်ချ်နည်းပြတွေရဲ့အခန်းကဏ္ဍက စိတ်ဝင်စားစရာကောင်းနေပါတယ်။ လက်ရှိဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ရောက်နေတဲ့ နည်းပြနှစ်ယောက်က အီတလီလူမျိုး အန်ဆယ်လော့တီနဲ့ အာဂျင်တီးနားလူမျိုး ဆီမြွန်နီတို့ဖြစ်ပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲကိုတော့ စပိန်နည်းပြ အူနိုင်းအမ်မရီနဲ့ ပေါ်တူဂီနည်းပြ ဂျော့ချ်ဂျီးဆပ်စ်တို့ တက်ရောက်ခဲ့ပါတယ်။ ဥရောပထိပ်တန်းလိဂ်တွေကို ကြည့်မယ်ဆိုရင်လည်း ပရီးမီးယားလိဂ်မှာ ချန်ပီယံဆုရဖို့ နီးစပ်နေတာက ချီလီနည်းပြ ပယ်လီဂရီနီ၊ လာလီဂါမှာက ဆီမြွန်နီ၊ စီးရီးအေမှာက အီတလီနည်းပြကွန်တီ၊ ပြင်သစ်လီဂူးမှာက ပြင်သစ်နည်းပြလောရင့်ဘလန့်၊ ဘွန်ဒစ်လီဂါမှာ ချန်ပီယံဆုရထားတာက စပိန်နည်းပြဂွါဒီယိုလာတို့ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကို ပြန်ကြည့်ရင်လည်း၊ ဒတ်ချ်နည်းပြတွေ ဥရောပထိပ်တန်းလိဂ်တွေမှာ အောင်မြင်မှုရယူနိုင်ခြင်းမရှိတာ ကြာပါပြီ။ ဒါဆို ဘာကြောင့် ဒတ်ချ်နည်းပြတွေကို ပရီးမီးယားလိဂ်ထိပ်သီးအသင်းတွေက စိတ်ဝင်စားနေကြတာလဲ။ တခြား ပိုကောင်းတဲ့နည်းပြတွေကို ခေါ်ယူဖို့အခွင့်အရေးမရတာကြောင့်လား၊ ဒတ်ချ်နည်းပြတွေကိုပဲ တကယ်ယုံကြည်တာကြောင့်လားဆိုတာ ဆန်းစစ်ကြည့်ချင်စရာဖြစ်လာခဲ့ပါတယ်။

## ပရီးမီးယားလိဂ်နဲ့ ဒတ်ချ်နည်းပြ

တကယ်တော့ ပရီးမီးယားလိဂ်က ဥရောပ ထိပ်တန်းလိဂ်တွေထဲမှာ ဒတ်ချ်နည်းပြတွေကို နေရာပေးမှုနည်းပါတယ်။ ပရီးမီးယားလိဂ်မှာ ဒတ်ချ်နည်းပြ (၄)ဦးသာ ဆောင်ရွက်ဖူးပါတယ်။ ရုဒ်ဂူးလစ်(ချယ်လ်ဆီး)၊ ဂူဟစ်ဒင့်(ချယ်လ်ဆီး)၊ မာတင်ဂျိုးလ်(ဖူလ်ဟမ်၊ စပါး)နဲ့ မူလန်စတင်(ဖူလ်ဟမ်)တို့ ဖြစ်ပါတယ်။ လက်ရှိရာသီမှာတော့ မာတင်ဂျိုးလ်ရော မူလန်စတင်ပါ ဖူလ်ဟမ်နည်းပြရာထူးကနေ ထုတ်ပယ်ခံလိုက်ရတာကြောင့် ဒတ်ချ်နည်းပြတစ်ဦးမှ ရှိမနေတော့ပါဘူး။ ဒါ့အပြင် ဖူလ်ဟမ်အသင်း တန်းဆင်းသွားခဲ့ရတာလည်း မာတင်ဂျိုးလ်ရဲ့လက်ထဲမှာ တန်းဆင်းဇုန်ထဲ စရောက်ခဲ့ပြီး မူလန်စတင်လက်ထဲမှာ အမှတ်ပေးဇယားအောက်ဆုံးအထိ ကျရောက်ခဲ့တာကြောင့် ဒတ်ချ်နည်းပြနှစ်ဦးရဲ့ စွမ်းဆောင်ရည်အပေါ် အဓိကမူတည်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ချယ်လ်ဆီးအသင်းကို ရောက်ရှိခဲ့တဲ့ ဒတ်ချ်နည်းပြနှစ်ဦးကတော့ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပါတယ်။ ဂူးလစ်ရော ဟစ်ဒင့်ပါ FA ဖလားတစ်လုံးစီ ရယူပေးနိုင်ခဲ့ပြီး အချိန်ပိုင်းသာ ခေတ္တကိုင်တွယ်ခဲ့ပြီး ဖလားတစ်လုံးယူပေးနိုင်ခဲ့တဲ့ ဟစ်ဒင့်ကိုတော့ အအောင်မြင်ဆုံးလို့ သတ်မှတ်ရမှာပါ။ ပရီးမီးယားလိဂ်က အင်္ဂလန်နိုင်ငံမှာရှိတဲ့ လိဂ်ပြိုင်ပွဲဖြစ်တာကြောင့် ပြိုင်ပွဲဝင်အသင်း(၄၆)သင်းမှာ အများဆုံးဆောင်ရွက်ခွင့်ရတဲ့နည်းပြက အင်္ဂလန်နည်းပြတွေဖြစ်နေတာတော့ မဆန်းပါဘူး။ ဒါ့အပြင် ဗြိတိန်ကျွန်းစုနိုင်ငံဖြစ်တာကြောင့် စကော့တလန်လို နီးစပ်မှုရှိတဲ့နိုင်ငံက နည်းပြတွေပဲ တခြားပြင်ပနိုင်ငံကနည်းပြတွေထက် ပိုပြီးနေရာရခဲ့ပါတယ်။ ဗြိတိန်ပြင်ပနိုင်ငံတွေထဲက ပရီးမီးယားလိဂ်မှာ အများဆုံးနည်းပြခွင့်ရထားတာကတော့ အီတလီပါ။ အီတလီက (၈)ဦးနည်းပြဖူးပြီး သူ့နောက်မှာ ပြင်သစ်က (၅)ဦးနဲ့ အများဆုံးဖြစ်နေပါတယ်။ ဒီတော့ (၄)ဦးနဲ့ တတိယနေရာမှာရှိနေတဲ့ ဟော်လန်ကို နည်းတယ်လို့လည်း မဆိုနိုင်ပါဘူး။ လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအတိုင်းသာ ဗန်ဟားလ်နဲ့ ဖရန့်ဒီဘိုးဝါးတို့ ရောက်လာခဲ့မယ်ဆိုရင်တော့ ဒတ်ချ်တွေက ပြင်သစ်ကို ကျော်ဖြတ်သွားနိုင်မယ့် အလားအလာလည်းရှိနေပါတယ်။ ပရီးမီးယားလိဂ်ရဲ့ ရှေ့ရေးကို လေ့လာကြည့်ရင် ပြင်ပနည်းပြတွေရဲ့ အခန်းကဏ္ဍကို စောင့်ကြည့်ရမယ့်အခြေအနေလည်း ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒေသခံဗြိတိန်နည်းပြတွေ အင်အားပိုမိုလျော့ကျလာပြီး ပြင်ပကနည်းပြတွေ ပိုမိုနေရာယူလာမယ့်အနေအထားရှိနေတာကြောင့်ပါ။ ဒီလိုအခြေအနေမှာ ငွေကြေးအရရော ပုံရိပ်ကျော်ကြားမှုအရပါ မက်မောစရာကောင်းနေတဲ့ ပရီးမီးယားလိဂ်ကို ခြေချလိုတဲ့ ဗြိတိန်ပြင်ပနည်းပြတွေကလည်း အများအပြားရှိလာခဲ့ပါတယ်။ အောင်မြင်မှုတွေရခဲ့ဖူးတဲ့ ဝါရင့်နည်းပြတွေရော မျိုးဆက်သစ်နည်းပြငယ်တွေပါစိတ်ဝင်စားနေကြတာပါ။ အခု ပရီးမီးယားလိဂ်ကိုရောက်လာဖို့ သတင်းထွက်နေတဲ့ ဒတ်ချ်နည်းပြနှစ်ဦးကလည်း အဲဒီလိုကွဲပြားနေပါတယ်။ လူးဝစ်ဗန်ဟားလ်က အေဂျက်စ်အသင်းနဲ့ ချန်ပီယံလိဂ်ဖလားရယူဖူးတဲ့ ဝါရင့်နည်းပြတစ်ဦးဖြစ်ပြီး ဖရန့်ဒီဘိုးဝါးကတော့ ဟော်လန်မှာ အောင်မြင်မှုတွေနဲ့ အရှိန်ရလာတဲ့လူငယ်နည်းပြတစ်ဦးပါ။ အေဂျက်စ်အသင်းကို အမှတ်ပေးချန်ပီယံဆု(၄)ရာသီဆက်ရယူပေးပြီး စံချိန်သစ်စိုက်ထူခဲ့သူဖြစ်တာကြောင့်လည်း ဖရန့်ဒီဘိုးဝါးရဲ့အမည်က ဥရောပထိပ်တန်းလိဂ်တွေကြားမှာ ထင်ရှားလာခဲ့တာဖြစ်ပါတယ်။

## ဒတ်ချ်တွေရဲ့ အစွမ်းအစ

ဒတ်ချ်တွေက ဘောလုံးကမ္ဘာမှာ ထင်ရှားတဲ့မှတ်တမ်းတွေ စိုက်ထူထားနိုင်ခဲ့ပါတယ်။ ခေတ်အဆက်ဆက် ပြောစမှတ်ဖြစ်နေပြီး ဆင့်ပွားဆန်းသစ်မှုတွေပြုလုပ်နေရတဲ့ Total Football ဆိုတဲ့ ဘောလုံးဒဿနကိုလည်း သူတို့ဖန်တီးခဲ့တာပါ။ ပရီးမီးယားလိဂ်၊ လာလီဂါနဲ့ စီးရီးအေပြိုင်ပွဲတွေလို ငွေကြေးရင်းနှီးမြှုပ်နှံနိုင်ခြင်းမရှိတာကြောင့် ဥရောပထိပ်တန်းလိဂ်စာရင်းထဲ မဝင်ခဲ့ပေမယ့် ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်မှာ ဟော်လန်ကလပ်တွေ ချန်ပီယံဆုရယူနိုင်ခဲ့တဲ့အပြင် ဒတ်ချ်နည်းပြတွေကတော့ တခြားအသင်းတွေကိုပါ ကိုင်တွယ်ပြီး အောင်မြင်မှုတွေ ရှာဖွေနိုင်ခဲ့ပါတယ်။ ဂျိုဟန်ခရိုက်ဖ်နဲ့ ရီကတ်တို့က ဘာစီလိုနာအသင်းအတွက် ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့ပြီး ဟတ်ဘ်စတီဗင်စ်က ရှော်လ်ကာ၊ အက်ဒ်ဗိုကတ်က ဇင်းနစ်အသင်းအတွက် ယူရိုပါလိဂ်ဖလားရယူပေးနိုင်ခဲ့တာပါ။ ဒါကြောင့် ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေမှာ ဟော်လန်ကလပ်တွေ အောင်မြင်မှုရခဲ့တာထက် ဟော်လန်နည်းပြတွေ အောင်မြင်မှုရခဲ့တာက ပိုများနေခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်တွေမှာ ဒတ်ချ်နည်းပြတွေ ထိုးဖောက်နိုင်စွမ်း သိပ်မရှိခဲ့ပါဘူး။ စီးရီးအေမှာ အေစီမီလန်နည်းပြ ဆီးဒေါ့ဖ်၊ ဘွန်ဒစ်လီဂါမှာ လူဟူကေ(ဟာသာဘာလင်)၊ ဟတ်ဘ်စတီဗင်စ် (စတုဂတ်)တို့ပဲ ရှိပါတယ်။ ဆီးဒေါ့ဖ်က စီးရီးအေသမိုင်းမှာ ပထမဆုံးဒတ်ချ်နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒတ်ချ်နည်းပြတွေရဲ့အစွမ်းအစကို ဥရောပထိပ်သီးအသင်းတွေက လျစ်လျူရှုထားခြင်းမရှိဘဲ စောင့်ကြည့်နေခဲ့ပါတယ်။ ဒတ်ချ်နည်းပြတွေကလည်း အဟောင်း၊ အသစ် အင်အားအများအပြားရှိနေပြီး အသင်းလက်ရှိရော လက်မဲ့ပါ ပုံစံအမျိုးမျိုးနဲ့ ရှိနေတာပါ။ မန်ယူကို လာမယ့်ရက်ပိုင်းအတွင်းရောက်လာတော့မယ်လို့ ဆိုနေကြတဲ့ လူးဝစ်ဗန်ဟားလ်ကတော့ ဟော်လန်လက်ရွေးစင်အသင်းကို ကိုင်တွယ်နေသူဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာဟော်လန်အသင်းနဲ့လမ်းခွဲကာ ကလပ်အသင်းလောကကို ဝင်ရောက်ဖို့ ရည်ရွယ်နေတာပါ။ မန်ယူကို ရောက်မလာခဲ့ရင်တောင် သူ့ကို ခေါ်ချင်တဲ့ကလပ်အသင်းတွေ အများကြီးရှိနေတာကြောင့် လာမယ့်ရာသီမှာ ထိပ်တန်းကလပ်အသင်းတစ်သင်းသင်းနဲ့ မြင်တွေ့ရဖို့တော့ သေချာနေပါတယ်။ အေဂျက်စ်နည်းပြ ဖရန့်ဒီဘိုးဝါးကို ဟော်လန်ပြည်တွင်းမှာ ရှိနေတဲ့ ဒတ်ချ်နည်းပြအတော်များများကတော့ ပြည်တွင်းမှာ အတွေ့အကြုံရှာဖွေပြီးရင် ဥရောပထိပ်တန်းလိဂ်တွေကို ခြေဆန့်မယ့်စိတ်ကူးကိုယ်စီနဲ့ပါ။ ဒတ်ချ်နည်းပြတွေကို နေရာပေးဖို့အသင့်ရှိနေကြတဲ့အခြေအနေ၊ ဒတ်ချ်နည်းပြတွေရဲ့အစွမ်းအစကို ယုံကြည်ကြတဲ့အခြေအနေနဲ့ပတ်သက်ပြီး ဟော်လန်လိဂ်မှာ နည်းပြခဲ့ဖူးတဲ့ အင်္ဂလန်နည်းပြမက္ကလာရင်ရဲ့ မှတ်ချက်ကို ကိုးကားလို့ရနိုင်ပါတယ်။ မက္ကလာရင်က အင်္ဂလန်နည်းပြတွေ ပရီးမီးယားလိဂ်မှာရော ဥရောပထိပ်တန်းလိဂ်တွေမှာပါ နေရာမရတာနဲ့ ပတ်သက်ပြီး နှိုင်းယှဉ်သုံးသပ်ခဲ့တာပါ။ "ဟော်လန်လိဂ်မှာ ဒတ်ချ်နည်းပြတွေ (၉၀%)လောက် နေရာရနေပါတယ်။ ဒါကြောင့် သူတို့က အကောင်းဆုံးသင်ကြားမှုကို ရရှိနေပါတယ်။ ဒါဟာ သူတို့နယ်မြေသစ်ကို ခြေဆန့်ဖို့ အရေးအကြီးဆုံးအချက်ပါပဲ။ ပြီးတော့ ဒတ်ချ်တွေရဲ့ အားသာချက်တစ်ခုက ဘောလုံးလောကရဲ့ နည်းဗျူဟာအပြောင်းအလဲတိုင်းကို အမြန်ဆုံး ဖမ်းယူနိုင်စွမ်းရှိတာပါ" လို့ မက္ကလာရင်က ဆိုခဲ့ပါတယ်။

လောလောဆယ်မှာ အားလုံးကတော့ မန်ယူအသင်းနဲ့ လူးဝစ်ဗန်ဟားလ်ရဲ့သတင်းကို စိတ်ဝင်တစား စောင့်ကြည့်နေကြပါပြီ။ ကိုင်တွယ်ခဲ့တဲ့ ကလပ်အသင်းတိုင်းကို အမှတ်ပေးချန်ပီယံဆု ရယူပေးနိုင်ခဲ့ပြီး ဘာစီလိုနာနဲ့ လာလီဂါမှာ၊ ဘေယန်မြူးနစ်နဲ့ ဘွန်ဒစ်လီဂါမှာ ဒတ်ချ်နည်းပြတွေအတွက် မှတ်တိုင်သစ်တွေ စိုက်ထူပေးနိုင်ခဲ့တဲ့ လူးဝစ်ဗန်ဟားလ် မန်ယူကို အမှန်တကယ်ရောက်ရှိလာပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုကို ရယူနိုင်ခဲ့ရင်တော့ ဒတ်ချ်တွေရဲ့အောင်မြင်မှုက ပိုပြီးပြည့်စုံသွားမှာပါ . . . ။

### ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဖလား ရယူဖူးသည့် ဒတ်ချ်နည်းပြများ

| | | |
|---|---|---|
| **ချန်ပီယံလိဂ်** | | |
| ရေးနပ်စ်မစ်ချယ်လ် | အေဂျက်စ် | ၁၉၇၁ |
| ဂူဟစ်ဒင့် | PSV | ၁၉၈၈ |
| ဂျိုဟန်ခရိုက်ဖ် | ဘာစီလိုနာ | ၁၉၉၂ |
| လူးဝစ်ဗန်ဟားလ် | အေဂျက်စ် | ၁၉၉၅ |
| ဖရန့်ရိုကတ် | ဘာစီလိုနာ | ၂၀၀၆ |
| **ယူရိုပါလိဂ်** | | |
| ဝီယယ်ကိုအာတ | ဖီယင်နု | ၁၉၇၄ |
| ကီးစ်ရီတစ် | PSV | ၁၉၇၈ |
| လူးဝစ်ဗန်ဟားလ် | အေဂျက်စ် | ၁၉၉၂ |
| ဟတ်ဘ်စတီဗင်စ် | ရှော်လ်ကာ | ၁၉၉၇ |
| ဝန်မာဝစ်ခ် | ဖီယင်နု | ၂၀၀၂ |
| အက်ဒ်ဗိုကတ် | ဇင်းနစ် | ၂၀၀၈ |





Photo : AFP

First Eleven Sports Journal Vol:14 No.48 8, May, 2014

PREMIER LEAGUE

*အဂ်ါ၊ ဗုဒ္ဓဟူးနေ့တွေမှာကစားမယ့် လက်ကျန်ပွဲ(၃)ပွဲက ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)ရလဒ်ပိုင်းကြောင့် သိပ်အသက်မဝင်လှတော့ဘူး။ ဗီလာက တန်းဆင်းဇုန်ကလွတ်မြောက်သွားပြီဖြစ်လို့ မန်စီးတီးအသင်းရဲ့ချန်ပီယံလမ်းကြောင်းအတွက် ပိုမိုလွယ်ကူသွားစေခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်တောင် မသေချာတော့တဲ့ မန်ယူနဲ့ ဟားလ်စီးတီး၊ ရမှတ်တစ်မှတ်သာလိုတဲ့ ဆန်းဒါးလန်းနဲ့ ဝက်စ်ဘရွန်းပွဲတွေက အရေးမပါတော့တဲ့အခြေအနေရောက်နေလို့ အိမ်ရှင်အသင်းတွေကပဲ ရလဒ်ကောင်းရယူသွားဖို့ရှိနေပါတယ်…*

# အီတီဟတ်မှာ မန်စီးတီး ဂိုးပြတ်အောင်ပွဲခံဖို့များတယ်

## ပ ရီး မီး ယား လိဂ် ပွဲ ကျန် ပွဲ စဉ် များ အ ကြို သုံး သပ် ချက်

### မန်စီးတီး နှင့် အက်စတွန်ဗီလာ

နောက်ဆုံး(၅)ပွဲ အခြေအနေ

| မန်စီးတီး | | ဗီလာ | |
|---|---|---|---|
| လီဗာပူးလ် | L(A)(2-3) | ဖူလ်ဟမ် | L(H)(1-2) |
| ဆန်းဒါးလန်း | D(H)(2-2) | ခရစ္စတယ်ပဲလေ့စ် | L(A)(0-1) |
| ဝက်စ်ဘရွန်း | W(H)(3-1) | ဆောက်သမ်တန် | D(H)(0-0) |
| ပဲလေ့စ် | W(A)(2-0) | ဆွမ်ဆီး | L(A)(1-4) |
| အဲဗာတန် | W(A)(3-2) | ဟားလ်စီးတီး | W(H)(3-1) |

**မန်စီးတီးကွင်း နောက်ဆုံး(၃)ကြိမ်ထိပ်တိုက်တွေ့ဆုံခဲ့သမျှ**

| | | | | |
|---|---|---|---|---|
| ၂၀၁၀-၁၁ | မန်စီးတီး | ၄-၀ | အက်စတွန်ဗီလာ |
| ၂၀၁၁-၁၂ | မန်စီးတီး | ၄-၁ | အက်စတွန်ဗီလာ |
| ၂၀၁၂-၁၃ | မန်စီးတီး | ၅-၀ | အက်စတွန်ဗီလာ |

- မန်စီးတီးအသင်းသည် နောက်ဆုံးပရီးမီးယားလိဂ်(၆)ပွဲတွင် အနည်းဆုံး(၂)ဂိုးစီ သွင်းယူထားခဲ့သည်။
- အက်စတွန်ဗီလာအသင်းမှာမူ ပရီးမီးယားလိဂ် အဝေးကွင်းနောက်ဆုံး (၆)ပွဲဆက် ရှုံးနိမ့်ထားခဲ့သည်။




အက်စတွန်ဗီလာက တန်းမဆင်းရဖို့ သေချာသလောက်ရှိသွားခဲ့ပါပြီ။ ဒီလိုအခြေအနေမျိုးမှာ အဝေးကွင်းလည်းဖြစ်လို့ ဗီလာ အိမ်ရှင်ကို ဖျက်မြင်းလုပ်ကစားဖို့မရှိတော့ဘူး။ လက်ရှိခြေစွမ်းချင်းယှဉ်ရင်လည်း အဝေးကွင်းတောက်လျှောက်ရှုံးနေတဲ့ ဗီလာကို မန်စီးတီး အနိုင်ရဖို့အခက်အခဲမရှိမှာ သေချာတယ်။ အဂွရို၊ ဇီကိုတို့ မန်စီးတီးတိုက်စစ်ကလည်း ဂိုးပြန်မြူးနေပုံမျိုးနဲ့ အီတီဟတ်ကွင်းမှာ ဗီလာ ဂိုးအလှူပေးသွားရဖို့ရှိပါတယ်။ မန်စီးတီး ပွဲအစကတည်းက အနိုင်သေချာဖို့ တောက်လျှောက်ဖိအားပေးမှာဖြစ်လို့ ဂိုးပြတ်သွားဖို့များတယ်။

### မန်ယူ နှင့် ဟားလ်စီးတီး

| မန်ယူ | နောက်ဆုံး(၅)ပွဲ | ဟားလ်စီးတီး | |
|---|---|---|---|
| ဗီလာ | W(H)(4-1) | စတုတ်စီးတီး | L(A)(0-1) |
| နယူးကာဆယ် | W(A)(4-0) | ဆွမ်ဆီး | W(H)(1-0) |
| အဲဗာတန် | L(A)(0-2) | အာဆင်နယ် | L(H)(0-3) |
| နော့ဝစ်ချ် | W(H)(4-0) | ဖူလ်ဟမ် | D(A)(2-2) |
| ဆန်းဒါးလန်း | L(H)(0-1) | ဗီလာ | L(A)(1-3) |

**မန်ယူကွင်း နောက်ဆုံး(၃)ကြိမ်ထိပ်တိုက်တွေ့ဆုံခဲ့သမျှ**

| | | | |
|---|---|---|---|
| ၁၉၈၇-၈၈ | မန်ယူ | ၅-၀ | ဟားလ်စီးတီး |
| ၂၀၀၈-၀၉ | မန်ယူ | ၄-၃ | ဟားလ်စီးတီး |
| ၂၀၀၉-၁၀ | မန်ယူ | ၄-၀ | ဟားလ်စီးတီး |

- မန်ယူအသင်းသည် ဟားလ်စီးတီးအသင်းနှင့်ကစားခဲ့သည့် နောက်ဆုံး (၅)ပွဲစလုံး အနိုင်ရထားခဲ့သည်။
- မန်ယူအနေဖြင့် ဟားလ်စီးတီးနှင့် နောက်ဆုံးတွေ့ဆုံသည့်(၃)ပွဲစလုံး အနည်းဆုံး(၃)ဂိုး သွင်းထားနိုင်ခဲ့သည်။

ဆန်းဒါးလန်းကိုရှုံးခဲ့လို့ ဒီပွဲအနိုင်ရရင်တောင် မန်ယူ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့ သိပ်မလွယ်လှဘူး။ မန်ယူရဲ့လက်ရှိပုံစံကလည်း လာမယ့်ရာသီ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရဖို့ထက် ပရီးမီးယားလိဂ်တစ်ခုတည်းကိုပဲ အာရုံစိုက်ကစားချင်တဲ့ပုံပါပဲ။ ဟားလ်စီးတီးကလည်း တန်းဆင်းဇုန်ကလွတ်သွားခဲ့ပါပြီ။ နှစ်သင်းစလုံး ရမှတ်ပိုင်းအရေးမပါနိုင်တော့တဲ့ပွဲမှာ အိမ်ကွင်းပရိသတ်ကျေနပ်စေဖို့ မန်ယူအနိုင်ကစားဖို့ရှိပြီး ဂိုးပြတ်ဖို့မလွယ်လှဘူး။

### ဆန်းဒါးလန်း နှင့် ဝက်စ်ဘရွန်း

| ဆန်းဒါးလန်း | နောက်ဆုံး(၅)ပွဲ | ဝက်စ်ဘရွန်း | |
|---|---|---|---|
| အဲဗာတန် | L(H)(0-1) | နော့ဝစ်ချ် | W(A)(1-0) |
| မန်စီးတီး | D(A)(2-2) | စပါး | D(H)(3-3) |
| ချယ်လ်ဆီး | W(A)(2-1) | မန်စီးတီး | L(A)(1-3) |
| ကာဒစ်ဖ် | W(H)(4-0) | ဝက်စ်ဟမ်း | W(H)(1-0) |
| မန်ယူ | W(A)(1-0) | အာဆင်နယ် | -(A)(-) |

**ဆန်းဒါးလန်းကွင်း နောက်ဆုံး(၃)ကြိမ်ထိပ်တိုက်တွေ့ဆုံခဲ့သမျှ**

| | | | |
|---|---|---|---|
| ၂၀၁၀-၁၁ | ဆန်းဒါးလန်း | ၂-၃ | ဝက်စ်ဘရွန်း |
| ၂၀၁၁-၁၂ | ဆန်းဒါးလန်း | ၂-၂ | ဝက်စ်ဘရွန်း |
| ၂၀၁၂-၁၃ | ဆန်းဒါးလန်း | ၂-၄ | ဝက်စ်ဘရွန်း |

- ဝက်စ်ဘရွန်းနှင့် အိမ်ကွင်းတွေ့ဆုံမှုနောက်ဆုံး(၃)ပွဲတွင် ဆန်းဒါးလန်းအသင်း နိုင်ပွဲမရှိခဲ့ပေ။
- ဆန်းဒါးလန်းတိုက်စစ်မှာ နောက်ဆုံး(၄)ပွဲတွင် တစ်ပွဲလျှင်ပျမ်းမျှ(၂.၂၅)ဂိုး အထိ သွင်းယူထားသည်။

ဆန်းဒါးလန်းအသင်း ပရီးမီးယားလိဂ်မှာတင်ကျန်ရစ်ဖို့ သရေတစ်မှတ်ပဲလိုပါတယ်။ မန်စီးတီး၊ ချယ်လ်ဆီး၊ မန်ယူစတဲ့ အသင်းကြီး(၃)သင်းနဲ့ပွဲမှာ (၂)ပွဲနိုင်၊ (၁)သရေကစားထားတဲ့ ဆန်းဒါးလန်းရဲ့ခြေစွမ်းပိုင်းကလည်း ဝက်စ်ဘရွန်းအသင်းကို အသာရဖို့မခက်ပါဘူး။ ဝက်စ်ဘရွန်းကတော့ လက်ရှိအချိန်မှာ အမှတ်မလိုတော့တဲ့အခြေအနေက ဆန်းဒါးလန်းကို အခွင့်အရေးပေးသွားနိုင်တယ်။ ဆန်းဒါးလန်း နိုင်ပွဲဆက်ဦးမှာပါ။

NOKIA

# This is LUMIA

အသုံးပြုရာတွင်လွယ်ကူမှုရှိခြင်း။



Nokia Lumia 720

Nokia Lumia 520

- ကောင်းမွန်သောကင်မရာနှင့်အတူ စိတ်ဝင်စားဖွယ်ကောင်းသော Nokia Refocus နှင့်အစရှိသည့် Camera Appsများ။
- သီးသန့်ပါရှိသည့် Microsoft X-Box ဂိမ်းများ
- သက်ဝင်လှုပ်ရှားနေသော Live Tiles များနှင့် Window 8 စနစ်, Microsoft Office နှင့် အစမဲ့သီချင်းနားဆင်နိုင်ခြင်း
- မြင့်မားသော ဘက်ထရီ သက်တမ်း

OFFICIAL NOKIA PHONES IN MYANMAR

NOKIA ORIGINAL

- တရားဝင် အာမခံ ၁၂လ ပါရှိခြင်း
- လိုအပ်သော ဝန်ဆောင်မှု အကူအညီများရယူနိုင်ခြင်း
- အရည်အသွေးမြင့်မားသော ထုတ်ကုန်ဖြစ်ခြင်း

Windows Phone

NOKIA Care Hotline 09 31621515

NokiaMyanmar

NOKIA SHOWROOM AND SERVICE CENTER: 152(A) West Shwe Gone Taing Road, Yae Tar Shay Quarter, Bahan Township, Yangon, Myanmar; Phone No. 09 31873054

AVAILABLE IN THE FOLLOWING SHOPS - Jaymart | e-city | Orbit | Mr Fone | Lugyimin | Happy Day | Mobile Club | Sun Mobile | Mingyi Mobile | Eazy Mobile | Universal | Zarmani Mobile | Fix Mobile | Angel Mobile | New Mobile | Shwe Zekwat Mobile| Mix-style | H-Touch Mobile | Lar Lar Mobile | Myanmar Mobile | Mobile Image | Try Call Mobile | Telestar | Winn Mobile | Mobile Star | Mobile House | Mya Mobile | 1234 Mobile | Asia Mobile | Best One | Crazy Mobile | IT-Garden | One Seven | Phyo Myanmar | Phone Corner | Update

For enquiry on wholesales or sales location, please call 01-556118 or visit www.facebook.com/nokiamyanmar/info

ဘုရင့်ဗလားဒိုလစ်လုပွဲကြောင့် ရှေ့ဆိုင်းခဲ့ရတဲ့ လာလီဂါပွဲစဉ်(၃၄)လက်ကျန်ပွဲကို အခုတစ်ပတ်မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ နှစ်သင်းစလုံး ရမှတ်ပိုင်းအရေးပါနေတဲ့အချိန်ဖြစ်လို့ အကြိတ်အနယ်ရှိနိုင်ပေမယ့် ခြေစွမ်းချင်းကွာလို့ ရီးယဲလ်အတွက် အနိုင်(၃)မှတ်က ခက်ခဲမှုမရှိနိုင်ဘူး...

# အဝေးကွင်းမှာ အနိုင်(၃)မှတ် သေချာနေတဲ့ ရီးယဲလ်မက်ဒရစ်

## လာလီဂါပွဲစဉ်(၃၄)ပွဲကျန်အကြိုသုံးသပ်ချက်


Photo : AFP

ပထမအကျော့ဆုံတွေ့စဉ်က ဘေးလ်၏ထိုးဖောက်ဟန်

### ဗယ်လာဒိုလစ် နှင့် ရီးယဲလ်မက်ဒရစ်

ဗယ်လာဒိုလစ် နှင့် ရီးယဲလ် နောက်ဆုံး(၅)ပွဲ

| ဗယ်လာဒိုလစ် | | ရီးယဲလ် | |
|---|---|---|---|
| အယ်လ်မီရီယာ | W(H)(1-0) | ဗယ်လက်ကာနို | W(H)(5-0) |
| ဗလင်စီယာ | D(H)(0-0) | ဆိုစီဒက် | W(A)(4-0) |
| အိုဆာဆူနာ | D(A)(0-0) | အယ်လ်မီရီယာ | W(H)(4-0) |
| ဆယ်လ်တာဗီဂို | L(A)(1-4) | အိုဆာဆူနာ | W(H)(4-0) |
| အက်စ်ပန်ညို | W(H)(1-0) | ဗလင်စီယာ | -(H) (-) |




ရီးယဲလ်အနေနဲ့ ဒီပွဲနိုင်ထားမှ လာလီဂါချန်ပီယံဆုအတွက် မျှော်လင့်ချက်ဆက်ရှင်သန်နိုင်မယ်။ ချန်ပီယံလမ်းကြောင်းက ခက်ခဲမှုတွေရှိနေပေမယ့် ဖလား(၃)လုံးအိပ်မက်မက်ခွင့်ရှိနေတဲ့အခွင့်အရေးကို ရီးယဲလ် လွယ်လွယ်ကူကူနဲ့ လက်လွှတ်ခံမှာမဟုတ်ဘူး။ စီရော်နယ်လ်ဒိုပြန်ပါလာချိန်မှာ ဂိုးမြူးနေတဲ့ ရီးယဲလ်တိုက်စစ်ပိုင်းက လောင်စာထပ်မြှင့်ပေးလိုက်သလိုဖြစ်ခဲ့ပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲနဲ့ ဝေးနေသေးလို့ လူစုံနီးပါး ထုတ်သုံးလာနိုင်တဲ့ ရီးယဲလ်ကို အိမ်ကွင်းဖြစ်ပေမယ့် ဗယ်လာဒိုလစ် ဘယ်လိုမှာတောင့်ခံနိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။ တန်းဆင်းအန္တရာယ်ကြောင့် ဗယ်လာဒိုလစ် အစွမ်းကုန်ရုန်းကန်မှာဖြစ်ပေမယ့် ပွဲတိုင်းသွင်းဂိုးတစ်ဂိုးရဖို့တောင် မလွယ်တဲ့ အသင်းရှေ့တန်းက အကောင်းဆုံးပုံစံမှာရှိနေတဲ့ ရီးယဲလ်ခံစစ်ကို ဖိအားပေးနိုင်ဖို့ မလွယ်လှဘူး။ ရီးယဲလ်(၂)ဂိုးပြတ်လောက်တော့ အနိုင်ယူသွားဖို့ရှိပြီး ဂိုးများ၊ မများပဲ စောင့်ကြည့်ရလိမ့်မယ်။

- ရီးယဲလ်အသင်းသည် လာလီဂါနောက်ဆုံး(၄)ပွဲ(ဗလင်စီယာနှင့်ပွဲမပါ) တွင် အနည်းဆုံး(၄)ဂိုး သွင်းယူနိုင်ခဲ့သည်။
- ထို့ပြင် ရီးယဲလ်ခံစစ်ကလည်း လာလီဂါနောက်ဆုံး(၁)ပွဲတွင် (၆)ပွဲအထိ Clean Sheet ရထားနိုင်ခဲ့သည်။

# နာပိုလီရဲ့အနိုင် ပြတ်သားနိုင်တယ်

## စီးရီးအေပွဲစဉ်(၃၆)ပွဲကျန်အကြိုသုံးသပ်ချက်

### ဖီအိုရင်တီးနား နှင့် ဆာဆူအိုလို

| ဖီအိုရင်တီးနား | နောက်ဆုံး(၅)ပွဲ | ဆာဆူအိုလို | |
|---|---|---|---|
| ဆမ်ဒိုးရီးယား | D(H) (0-0) | ရိုးမား | L(H) (2-0) |
| အူဒီးနီးစ် | W(H) (2-1) | အတ္တလန်တာ | W(A) (2-0) |
| ဗီရိုနာ | W(A) (5-3) | ကာဂလီယာရီ | D(H) (1-1) |
| ရိုးမား | L(H) (0-1) | ချီယေဗို | W(A) (1-0) |
| ဘိုလော့ဂ်နာ | W(A) (3-0) | ဂျူဗင်တပ်စ် | L(H) (1-3) |

ကိုပါအီတာလီယာမှာ ဒုတိယရထားလို့ ဖီအိုရင်တီးနားအတွက် ယူရိုပါလိဂ်ဝင်ခွင့်(၁)နေရာ သေချာပြီးသားဖြစ်ပေမယ့် နံပါတ်(၄)နေရာတည်မြဲနိုင်ဖို့ ဖီအိုရင်တီးနား ဆာဆူအိုလိုကို အခွင့်အရေးပေးဖို့မရှိလောက်ဘူး။ ဆာဆူအိုလိုရဲ့ရုန်းကန်အားကြောင့် ဖီအိုရင်တီးနား ဂိုးပြတ်ဖို့တော့ခက်နိုင်တယ်။

### နာပိုလီ နှင့် ကာဂလီယာရီ

| နာပိုလီ | နောက်ဆုံး(၅)ပွဲ | ကာဂလီယာရီ | |
|---|---|---|---|
| ဂျူဗင်တပ်စ် | W(H) (2-0) | တိုရီနို | L(A) (1-2) |
| ပါမား | L(A) (0-1) | ရိုးမား | L(H) (1-3) |
| လာဇီယို | W(H) (4-2) | ဆာဆူအိုလို | D(A) (1-1) |
| အူဒီးနီးစ် | D(A) (1-1) | ဂျီနိုအာ | W(A) (2-1) |
| အင်တာမီလန် | D(A) (0-0) | ပါမား | W(H) (1-0) |

နာပိုလီအနေနဲ့ ဒီပွဲအနိုင်ရခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်(၁)နေရာ သေချာသလောက်ရှိသွားပါလိမ့်မယ်။ ကာဂလီယာရီကတော့ တန်းဆင်းဇုန်ကလွတ်နေပြီး ဘာမျှော်လင့်ချက်မှလည်း မရှိတော့ဘူး။ အိမ်ကွင်းအားလည်းရှိနေလို့ နာပိုလီ(၂-၀)၊ (၃-၁)လောက်နဲ့ အနိုင်ယူသွားဖို့ရှိတယ်။

# ချန်ပီယံဆုရယူတော့မယ့် PSG

## ပြင်သစ်လီဂူးပွဲစဉ်(၃၆)ပွဲကျန်အကြိုသုံးသပ်ချက်

### PSG နှင့် ရိန်းစ်

| PSG | နောက်ဆုံး(၅)ပွဲ | ရိန်းစ် | |
|---|---|---|---|
| နိုက်စ် | W(A)(1-0) | ဘတ်စတီယာ | W(H)(3-0) |
| ရိမ်းစ် | W(H)(3-0) | ဘော်ဒိုး | D(A)(2-2) |
| လိုင်ယွန် | L(A)(0-1) | မိုနာကို | L(H)(0-1) |
| အီဗီယန် | W(H)(1-0) | စိန့်အက်တီယန် | D(A)(0-0) |
| ဆိုးချော့စ် | D(A)(1-1) | လော်ရီယန့် | D(H)(1-1) |

အီဘရာဟီမိုဗစ် မကစားနိုင်ချိန်မှာ PSG တိုက်စစ်ပိုင်းက ဂိုးရှိုးရှန်းကန်ခဲ့ရတယ်။ အခုပွဲမှာတော့ အီဘရာဟီမိုဗစ် ပြန်ကစားနိုင်ဖို့ရှိနေပြီ။ PSG ကလည်း ချန်ပီယံဆုအတွက် ထပ်အမှားလုပ်ဖို့တော့မရှိပါဘူး။ အိမ်ကွင်းမှာ အောင်ပွဲမှိုများတဲ့ PSG ဂိုးပြတ်သွားနိုင်တယ်။

### မိုနာကို နှင့် ဂွအင်ဂမ့်

| မိုနာကို | နောက်ဆုံး(၅)ပွဲ | ဂွအင်ဂမ့် | |
|---|---|---|---|
| အီဗီယန် | L(A)(0-1) | လိုင်လီ | L(A)(0-1) |
| နန့်စ် | W(H)(2-4) | မောင့်ပယ်လီယာ | L(H)(1-2) |
| ရိန်းစ် | W(A)(1-0) | နန့်စ် | L(A)(0-1) |
| နိုက်စ် | W(H)(1-0) | ဘော်ဒိုး | L(A)(1-5) |
| အေယက်စီယို | W(H)(4-1) | ဗလင်စီနက်စ် | W(H)(1-0) |

မိုနာကိုအသင်း တောက်လျှောက်နိုင်ပွဲတွေ ဆက်နေတယ်။ အရှုံးမရှိတဲ့ ဘာဘာတော်ကလည်း ဂိုးသွင်းခြေ တွေနေလို့ မိုနာကို နိုင်ပွဲရဖို့မခက်ခဲလောက်ဘူး။ ဂွအင်ဂမ့် တန်းဆင်းအန္တရာယ်ရှိနေတာကိုထည့်တွက်ရင် မိုနာကိုကပဲ နိုင်ဖို့ပိုများတယ်။

# အိမ်ရှင်တွေ ရလဒ်ကောင်းနိုင်တယ်

## လိဂ်ချန်ပီယံရှစ် Play-off အကြိုသုံးသပ်ချက်

### ဘရိုက်တန် နှင့် ဒါဘီ

| ဘရိုက်တန် | နောက်ဆုံး(၅)ပွဲ | ဒါဘီ | |
|---|---|---|---|
| ချာလ်တန် | W(H)(3-0) | ဟတ်ဒါဖီးလ် | W(H)(3-1) |
| ဟတ်ဒါဖီးလ် | D(A)(1-1) | ဒွန်ကက်စတာ | W(A)(2-0) |
| ဘလက်ပူးလ် | D(H)(1-1) | ဘန်စလေ | W(H)(2-1) |
| ယိုဗီးလ် | W(H)(2-0) | ဝက်ဖို့ဒ် | W(H)(4-2) |
| နော်တင်ဟမ် | W(A)(2-1) | လိဒ်စ် | D(A)(1-1) |

ဘရိုက်တန်က မမျှော်လင့်ဘဲ Play-off ကစားခွင့်ရခဲ့ပေမယ့် အိမ်ကွင်းမာကျောမှုရှိတာ ထည့်တွက်ရလိမ့်မယ်။ ကစားသမားပိုင်းသာတဲ့ ဒါဘီ အဝေးကွင်းမှာ သရေထက် မပိုနိုင်ဘူး။

### ဝီဂန် နှင့် QPR

| ဝီဂန် | နောက်ဆုံး(၅)ပွဲ | QPR | |
|---|---|---|---|
| ရက်ဒင်း | W(H)(3-0) | နော်တင်ဟမ် | W(H)(5-2) |
| ဘန်လေ | L(A)(0-2) | လက်စတာ | L(A)(0-1) |
| ဘလက်ပူးလ် | L(H)(0-2) | ဝက်ဖို့ဒ် | W(H)(2-1) |
| ဘာမင်ဂမ် | W(A)(1-0) | မီဝေါလ် | D(H)(1-1) |
| ဘလက်ဘန်း | L(A)(3-4) | ဘန်စလေ | W(H)(3-2) |

ကစားသမားပိုင်းချင်းယှဉ်ရင် ဒီနှစ်သင်းကြား ကွာခြားမှုမရှိလှဘူး။ QPR ကတော့ အဝေးကွင်းမှာ စိတ်မချရတဲ့အသင်းစာရင်းထဲပါပြီး နောက်ပိုင်း အဝေးကွင်းရလဒ်တွေကလည်း မစွံလှဘူး။ ဝီဂန် အနိုင်နဲ့သရေပါပဲ။



Vol:14 No.48 8, May, 2014









နန္ဒဝန်ငြိမ်းချမ်း

၃၃

## မီဒီယာ

ပရီးမီးယားလိဂ်မန်နေဂျာတိုင်း အတွေ့အကြုံရင့်တဲ့ စာနယ်ဇင်းမန်နေဂျာတွေထားသင့်တယ်။ သူတို့က မီဒီယာတွေကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာနဲ့ ပုံပြင်တွေကို ဘယ်လိုအဆုံးသတ်ရမလဲဆိုတာ ကောင်းကောင်းသိကြတယ်။ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် အမြန်ဆုံးဖြေရှင်းနိုင်မှ။ Sky ရုပ်သံဆိုပါတော့၊ (၂၄)နာရီလုံးလုံး ထပ်ခါထပ်ခါထုတ်လွှင့်နေတယ်။ လွှင့်လေလွှင့်လေ မန်နေဂျာတစ်ဦးအတွက် ပြဿနာက ပိုကြီးလာတယ်။

အက်စတွန်ဗီလာအခြေအနေဆိုးနေတဲ့အချိန်တုန်းက ပေါလ်လမ်ဘတ်ကပြောဖူးတယ်။ သတင်းစာရှင်းလင်းပွဲတွေက သူ့ကိုအဆိုးတွေပဲဖြစ်လာအောင် လှုံ့ဆော်ခဲ့တယ်တဲ့။ ကျွန်တော်ကတော့ ပေါလ်ဒီဟာတီပြောတာကိုကြိုက်တယ်။ "ခင်ဗျားမျက်နှာက စိတ်အိုက်သလိုဖြစ်နေတယ်။ ဒါဆိုရင် သူတို့အကြိုက်ဖြစ်သွားမှာပေါ့။ သတင်းစာရှင်းလင်းပွဲမသွားခင် ခင်ဗျားမျက်နှာကို မှန်မှာပြန်ကြည့်။ ပူပန်မှုတွေကို ရှင်းထုတ်ပစ်လိုက်။ ပြီးရင် ပြုံးထားစမ်းပါ။ သူတို့က ခင်ဗျားကိုအလွယ်တကူ အသုံးချလို့မရတော့ဘူးပေါ့"တဲ့။ သိပ်ကောင်းတဲ့အကြံပေးချက်ပါပဲ။ နောက်ပိုင်းတော့ ကျွန်တော်ဘာလုပ်သင့်သလဲဆိုတာကို ကျွန်တော်သိလာတယ်။ သတင်းစာရှင်းလင်းပွဲတွေမှာ အမေးခံရဆုံးမေးခွန်းက "ခင်ဗျားဖိအားဒဏ်တွေခံနေရပြီလား"။ တကယ်ဟုတ်နေရင်တောင် သူတို့သတင်းစာတွေအတွက် ခေါင်းစီးမပေးနဲ့လို့ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့အသင်းရဲ့ သတင်းစာရှင်းလင်းပွဲတွေကိုတော့ လေ့ကျင့်ခန်းအစီအစဉ်မစခင် မနက်ပိုင်းမှာလုပ်လေ့ရှိပါတယ်။ ကျွန်တော်က အသင်းရဲ့ဆက်သွယ်ရေးတာဝန်ခံ ဖီးလ်တောင်းဆင်းနဲ့အရင်တွေ့ပြီး ဘာတွေမေးလာနိုင်သလဲဆိုတာကို ကြိုတင်စဉ်းစားထားလေ့ရှိတယ်။

သူက ကျွန်တော့်ကို အကြံတွေပေးတယ်။ ဥပမာဆိုပါတော့။ ဆွာရက်ဇ်ကိုက်လိုက်တဲ့ကိစ္စမျိုး။ ဂိုဒိုဖင်မြင်းကြီးရဲ့ တားမြစ်ဆေးအရုပ်တော်ပုံမျိုး။ လီဝန်ဒေါစကီးကို ခေါ်ဖို့အစီအစဉ်ရှိသလားဆိုတဲ့ မေးခွန်းမျိုးတွေအတွက် ကျွန်တော်တို့ ကြိုတင်ဆွေးနွေးထားရတယ်။

ပုံမှန်အားဖြင့်တော့ ကျွန်တော်က သတင်းစာရှင်းလင်းပွဲတွေကို သဘောကျပါတယ်။ နိုင်ခပ်ညံ့ညံ့တွေနဲ့ ကြုံပြီးတဲ့အချိန်တွေမှာလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတွေကတော့ တစ်ကယ့်စိန်ခေါ်မှုတွေပဲ။ တစ်ခါတလေကျွန်တော်ပြောတာတွေက ကြမ်းတမ်းတယ်။ ဒါပေမဲ့ အခြေအနေမှန်ကို ကျွန်တော်ပြောတာပါ။ နိုင်တစ်ဦးဟာ ပွဲကို ကောင်းမွန်စွာကိုင်တွယ်ဖို့ အရည်အချင်းမရှိဘူးလို့မြင်ရင် မရှိဘူးလို့ပြောတာပါ။ နိုင်လူကြီးတွေအနေနဲ့ ဒီအလုပ်ကိုလုပ်ဖို့ရွေးချယ်ခဲ့တဲ့စိတ်ဓာတ်ကိုတော့ ကျွန်တော်လေးစားပါတယ်။ တချို့တွေကတော့ နိုင်တွေကို တခြားအလုပ်မလုပ်ဘဲ နိုင်အလုပ်တစ်ခုတည်းလုပ်ရင် အရည်အသွေးမြင့်လာနိုင်တယ်လို့ထင်ကြတယ်။ တကယ်တော့ အဓိပ္ပါယ်မရှိပါဘူး။

လူငယ်ဘဝတုန်းက ကျွန်တော်လည်း နိုင်ဖြစ်ချင်ခဲ့ဖူးပါတယ်။ တကယ်တော့ ဘောလုံးအားကစားနည်းအတွက် နိုင်တွေလည်း လိုအပ်ပါတယ်။ အီတလီဒိုင်လူကြီး ရောဘတ်တိုရိဆက်တီလိုဒိုင်မျိုးတွေအများကြီးလိုအပ်တယ်။ အရပ်က (၆)ပေ၊ (၂)လက်မလောက်မြင့်တယ်။ လူက လက်ဝှေ့သမားပုံစံပေါက်တယ်။ ဒါပေမဲ့ ကွင်းထဲမှာ ပျံ့ဝဲနေသလိုပဲ။ ကစားသမားတွေနားကို ချက်ချင်းရောက်လာတတ်တယ်။ ကျွန်တော်က ပရီးမီးယားလိဂ်မှာလည်း ဒီလိုဒိုင်တွေရှိစေချင်ပါတယ်။ နိုင်တွေအားလုံးမှာ ရှေ့နေကိုယ်စီရှိကြတယ်။ သူတို့အဖွဲ့အစည်းက အရမ်းနိုင်မာတယ်။ လူငယ်နိုင်တွေကလည်း ရှေ့လူတွေကိုအားကျအတုယူပြီး ပေါ်ထွက်လာကြတယ်။

ကျွန်တော်အမြဲတမ်းပြောလေ့ရှိတယ်။ နိုင်တွေဟာ ဖြစ်ရပ်တွေရဲ့ အနီးဆုံးနေရာမှာအမြဲရှိနေသင့်တယ်။ လမ်းလျှောက်နေတဲ့ ဒိုင်တွေကို ကျွန်တော်မကြိုက်ဘူး။ ဒိုင်အဖွဲ့အစည်းတွေကို ကျွန်တော်အားပေးထောက်ခံပါတယ်။ အဘာဒင်းမှာ ရှိတုန်းကဆိုရင် ဒိုင်တွေရဲ့ ကြံ့ခိုင်မှုကို ကူညီဖို့ အသင်းမှာတောင် လေ့ကျင့်ခန်းလာဆင်းနိုင်းဖူးပါတယ်။ ပရီးမီးယားလိဂ်လို ပြိုင်ပွဲမျိုးမှာ ဒိုင်တွေရဲ့ ကြံ့ခိုင်မှုပြည့်ဝဖို့ကလည်း အရမ်းလိုအပ်ပါတယ်။ သူတို့မှာ လိုအပ်တဲ့အမြန်နှုန်းရှိဖို့လည်း လိုတယ်။ ကျွန်တော်တို့နဲ့ အာဆင်နယ် ချန်ပီယံလိဂ်မှာဆုံတုန်းက ရီဆက်တီက ကစားသမားတွေရဲ့ နောက်ကိုက်(၂၀)လောက်မှာရှိနေတယ်။ ကျွန်တော်တို့ ဂိုးသွင်းလိုက်တဲ့အချိန်မှာ သူကလည်း ဂိုးရှေ့ရောက်နေပြီ။ ကိုက်(၁၀၀)နီးပါးအကွာအဝေးကိုသူ (၉)စက္ကန့်လောက်နဲ့ ပြေးခဲ့တယ်။ ဒါမျိုးကို အူစိန်ဘော့ပဲ လုပ်နိုင်မယ်ထင်တယ်။

FA ဟာ နာမည်ကြီးတဲ့သူတွေကို ပိုပြီးပစ်မှတ်ထားတတ်တယ်လို့ ကျွန်တော်ထင်တယ်။ ရွန်နီနဲ့ ဝက်စ်ဟမ်းဖြစ်တဲ့ ပြဿနာကိုကြည့်လေ။ ရွန်နီက ကင်မရာရှေ့မှာ ကျိန်ပြောနေရတယ်။ ဒါဟာဒိုင်တွေကိုလည်း ဖိအားပေးတာပဲလို့ ကျွန်တော်ခံစားရတယ်။ နောက်ဆုံးတော့ ရွန်နီ(၃)ပွဲအပယ်ခံလိုက်ရတယ်။ TV ကြည့်နေတဲ့ကလေးတစ်ယောက်အတွက် ရွန်နီအခုလိုကျိန်ပြောနေရတာကို မြင်ရတာ မသင့်တော်ပါဘူး။ ဒီဘက်နှစ်တွေကိုကြည့်ပါ။ ဘယ်ကစားသမား အခုလိုဆက်ဆံခံရတာကို မြင်ဖူးကြသလဲ။

အလန်ဝီလီရဲ့ ကြံ့ခိုင်မှုကို ၂၀၀၉ခုနှစ်တုန်းက ကျွန်တော်ဝေဖန်ခဲ့ဖူးတယ်။ သူ့ဆီမှာလိုအပ်တဲ့ ကြံ့ခိုင်မှုမရှိဘူးလို့ ကျွန်တော်ခံစားရလို့ပါ။ အလန်ဝီလီဟာ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက်အများကြီးပိုနေတယ်။ ပွဲစပြီး (၃၂)စက္ကန့်မှာပဲ ကျွန်တော့်ကစားသမားကိုအဝါပြခဲ့တယ်။ ဒါဟာ ဒီပွဲကို လုံလောက်တဲ့ ကြံ့ခိုင်မှုနဲ့ ကိုင်တွယ်နိုင်စွမ်းမရှိလို့ ပြစ်ဒဏ်ကြမ်းကြမ်းပေးပြီး ဖြေရှင်းတာလို့ ကျွန်တော်ထင်တယ်။ သူ့အနားယူဖို့လိုတယ်လို့လည်း ကျွန်တော်ထင်တယ်။ ပွဲပြီးတော့ ကျွန်တော်သူ့ကို ပြန်တောင်းပန်ခဲ့တယ်။ ဒါပေမဲ့ ဆန်းဒါးလန်းနဲ့ပွဲအပြီး (၁၆)ရက် အကြာမှာ FA က မလျော်ကန်တဲ့အပြုအမူဆိုပြီး ကျွန်တော်ကို ဒဏ်တပ်လိုက်တယ်။ ကျွန်တော့်ဘဝမှာ ပွဲပယ်ပြစ်ဒဏ် (၂)ကြိမ်ကျခံရဖူးပါတယ်။ ၂၀၀၃ တုန်းကတစ်ကြိမ်၊ ၂၀၀၇ တုန်းကတစ်ကြိမ်ပါ။ မာတင်အက်ကင်ဆန်ကို ဝေဖန်လို့ (၅)ပွဲပယ်ပြစ်ဒဏ်နဲ့ ဒဏ်ငွေပေါင်(၃၀၀၀၀) တပ်ရိုက်တာကိုလည်း ခံခဲ့ရဖူးတယ်။

ဒါတွေရဲ့ အဆုံးသတ်မှာ ပရီးမီးယားလိဂ်နိုင်တွေရဲ့ အရည်အချင်းဟာ လိုအပ်မှုရှိတယ်လို့ ကျွန်တော်ထင်တယ်။ ဂရေဟမ်ပူးလ်က မောက်မာတဲ့သဘောရှိပေမယ့် ကိုင်တွယ်ပုံကောင်းပါတယ်။ ကျွန်တော် ယှူနိုက်တက်ကိုကိုင်တဲ့အချိန်တစ်လျှောက်လုံးမှာ သူကအင်္ဂလန်ရဲ့ အကောင်းဆုံးဒိုင်ပါ။ ဒိုင်တစ်ဦးဟာ အိုးလ်ထရက်ဖို့ဒ်ရဲ့ ပရိသတ်(၇၀၀၀၀)ကျော်ရှေ့မှာ၊ အန်ဖီးလ်ရဲ့ ပရိသတ်(၄၄၀၀၀)လောက်ရှေ့မှာ တာဝန်ယူရတာ မလွယ်ပါဘူး။ အိမ်ရှင်ပရိသတ်မကျေနပ်တဲ့ ဂိုးတစ်ဂိုးကို ခွင့်ပြုလိုက်ရင် အဆဲခံရတော့တာပဲ။ ဒါပေမဲ့ ဂရေဟမ်ပူးလ်လိုဒိုင်ကျတော့ အဲဒီလိုလုပ်ရင် အိမ်ရှင်လည်း အခွင့်အရေးမရဘူးဆိုတဲ့ပုံစံနဲ့ အိမ်ရှင်နစ်နာအောင်ရည်ရွယ်ပြီးလုပ်တတ်တဲ့အမှားတွေတော့ရှိတယ်။

ချန်ပီယံလိဂ်မှာလည်း တချို့ဒိုင်တွေက စိတ်ပျက်စရာပါ။ မတ်၊ ၂၀၁၃ တုန်းက ရီးယဲလ်မက်ဒရစ်နဲ့ပွဲမှာ နာနီကို တူရကီဒိုင်က အနီကတ်နဲ့ထုတ်ပစ်လိုက်တယ်။ တစ်ခါတစ်လေတော့ ဒိုင်တွေကိုလည်း သတင်းစာရှင်းလင်းပွဲကိုတက်စေချင်တယ်။ သူတို့ ဒီဆုံးဖြတ်ချက်ကို ဘာကြောင့်ချလိုက်ရတာလဲဆိုတာကို လူသိရှင်ကြားပြောဖို့လိုရင် အကြောင်းပြချက်မရှိလုံပဲ အသင်းတစ်သင်း၊ ကစားသမားတစ်ဦးကို ဒုက္ခပေးနိုင်တော့မှာမဟုတ်ဘူး။

ဒါပေမဲ့ ပရီးမီးယားလိဂ်ဒိုင်အဖွဲ့အကြီးအကဲ မိုက်ခ်ရီလေးပြောတာတစ်ခုကိုတော့ ကျွန်တော်စိတ်မကောင်းဘူး။ သူတို့အတွက် ဘဏ္ဍာရေးအခြေအနေက မလုံလောက်ဘူးတဲ့။ ဒီပြိုင်ပွဲက တစ်နှစ်ကို ဝင်ငွေ(၅)ဘီလီယံလောက်ရှိတဲ့ ပြိုင်ပွဲပါ။ ဒိုင်တွေအတွက် လုံလောက်တဲ့အသုံးစရိတ်တော့ရှိသင့်ပါတယ်။

ဥရောပဒိုင်တွေက ပိုပြီးတော့ မောက်မာကြတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအသင်း၊ ဒီကစားသမားတွေကို နောက်တစ်ကြိမ်ပြန်ဆုံဖို့ မလွယ်လို့ပဲ။ ကျွန်တော့်အသင်းက ချန်ပီယံလိဂ်ဗိုလ်လုပွဲ(၄)ကြိမ်ရောက်ဖူးပါတယ်။ ဗိုလ်လုပွဲလိုအဆင့်မှာတောင် ကျွန်တော်တို့ပွဲတွေကိုတာဝန်ယူတဲ့ဒိုင်တွေထဲမှာ (၁)ဦးကိုပဲ စိတ်တိုင်းကျအဖြစ် ကျွန်တော်သတ်မှတ်နိုင်မယ်။ ပီယာလူဂီကော်လီနာပါ။ ၁၉၉၉ ဘာစီလိုနာဗိုင်နယ်ပွဲမှာ တာဝန်ယူခဲ့တယ်။

ကျွန်တော်အရေးပါတဲ့ ဥရောပပွဲတွေမှာ ဟိုဆေးမော်ရင်ဟိုကို (၂)ကြိမ်ရှုံးဖူးတယ်။ ကစားသမားတွေရဲ့ အားနည်းမှုကြောင့်ချည်းမဟုတ်ပါဘူး။ ဒိုင်တွေကြောင့်လည်း ပါတယ်။ ဥရောပလိုအဆင့်မှာတောင် ဒိုင်တွေဆီက ဆိုးရွားတဲ့အတွေ့အကြုံတွေကို ကျွန်တော်ခံစားခဲ့ရတယ်။ မီလန်ဒါဘီပွဲတစ်ပွဲကို ကျွန်တော်သွားကြည့်တော့ အင်တာမီလန်အသင်းရဲ့ တာဝန်ရှိသူတစ်ဦးက ကျွန်တော့်ကို ပြောဖူးတယ်။ "အင်္ဂလန်နဲ့ အီတလီ အဓိကခြားနားမှုက ဘာလဲ။ ခင်ဗျားသိလား။ အင်္ဂလန်မှာတော့ ပွဲတစ်ပွဲကို မမှန်မကန်ကစားနေတယ်လို့ ဘယ်သူမှမထင်ဘူး။ အီတလီမှာတော့ ဒီပွဲဟာ လုပ်ပွဲမဟုတ်ပါဘူးလို့ ဘယ်သူမှ မထင်ကြဘူး"တဲ့။

အင်္ဂလန်ရဲ့ စီမံအုပ်ချုပ်ပုံက အရမ်းကောင်းမွန်ပါတယ်။ ဒိုင်တွေနဲ့ ကစားသမားတွေကြားက ဆက်ဆံရေးကလည်း ပိုပြီး ပွင့်ပွင့်လင်းလင်းရှိကြပါတယ်။ ဒါပေမဲ့ လိုအပ်ချက်တွေရှိနေတာလည်း အမှန်ပါပဲ။ လူသားတွေဖြစ်လို့ အမှားတွေရှိနိုင်တယ်လို့ ဆိုနိုင်ပေမယ့် အချို့ဆုံးဖြတ်ချက်တွေက အရမ်းအခံရခက်ပါတယ်။ မီဒီယာတွေကတော့ နည်းပြ၊ ကစားသမား၊ ဒိုင် စသဖြင့်ဘောလုံးနဲ့ ပတ်သက်သူအားလုံးကို ဖိအားတွေပေးနေပါတယ်။ ကျွန်တော်ကတော့ ဒီအခြေအနေတွေမှာ အာရုံစူးစိုက်မှုကောင်းအောင်လို့ ကစားသမားတွေကို စစ်တုရင်ကစားနိုင်းတယ်။ စစ်တုရင်ကို ခင်ဗျားစကစားခါမှာ တစ်ပွဲကို (၃၊ ၄)နာရီကြာတတ်ပေမယ့် မာစတာအဆင့်ကိုရောက်လာရင် စက္ကန့်(၃၀)လောက်နဲ့ ပြီးသွားတတ်တယ်မဟုတ်လား။ မီဒီယာတွေရဲ့ ဖိအားတွေအောက်မှာတောင် မှန်ကန်ပြီး မြန်ဆန်တဲ့ ဆုံးဖြတ်ချက်တွေလိုပါတယ်။

# သင့်အိပ်မက်ကိုရှင်သန်စေရာ GLAN MASTER အစီအစဉ်မှ ဆုရရှိသူနှစ်ဦး။ နောက်ထပ်ကံထူးမည့်သူ ဘယ်သူလဲ?






ကိုမျိုးဝင်း (ယာမှ ဒုတိယပုံ) နှင့် ကိုမောင်မောင်ကြည် (ယာမှတတိယပုံ) တို့သည် အခြားကံထူးရှင်များ၊ GLAN MASTER မှ C.E.O များ ကိုဆန်းထွန်း တို့နှင့်အတူ စင်မြင့်ပေါ်တွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပါသည်။

"သင့်အိပ်မက်ကို ရှင်သန်စေရာ **GLAN MASTER** အစီအစဉ်မှ အထူးဆုကြီးဖြစ်သော ကျပ်ငါး သန်းကို ဆွတ်ခူး ခဲ့သူနှစ်ဦး ဖြစ်သော နေပြည်တော်မှကိုမျိုးဝင်းနှင့် သာပေါင်း မြို့နယ်မှ ကိုမောင်မောင်ကြည်တို့အား ဆုချီးမြှင့်သော အခမ်း အနား ကျင်းပခဲ့ပါသည်။

ထိုအထူးဆုကြီးများမှာ ငါးဆုရှိပြီး ကိုမျိုးဝင်းမှာ မတ်လ (၂၉) ရက် နေ့တွင် ပထမဦးဆုံး ဆွတ်ခူးခဲ့သူ ဖြစ်ပါသည်။ ကိုမျိုးဝင်းသည် နေပြည်တော်မှ အဝေးပြေး ဘတ်(စ်)ကားယာဉ်မောင်း တစ်ဦးဖြစ်ပြီး ယခင်က ထိုဆုမျိုး မရရှိခဲ့ဖူးကြောင်း ပြောခဲ့ပါသည်။ ကျပ်ငါးသန်း ဆုငွေထဲမှ ကျပ်နှစ်သန်းကို သဘော်သား ဖြစ်ချင်နေသော သားငယ်၏ အိပ်မက်ကို အကောင်အထည် ဖော်ပေးမည်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ သူက ပြုံးပြုံးရွှင်ရွှင်နှင့် ဆက်လက်ပြော ကြားခဲ့သည်မှာ -

"ဘတ်(စ်)ကား ယာဉ်မောင်းတစ်ယောက်အနေနဲ့ သားလိုအပ်တဲ့ ငွေကို ထောက်ပံ့ပေးဖို့ ဆိုတာ မိသားစုအတွက် ခက်ခဲပါသည်။"

ယခုအခါ မိသားစု ဝန်ထုပ်ဝန်ပိုးမှာ ပြေလျော့သွားပါပြီ။ သူရရှိခဲ့သော ဆုငွေထဲမှ အလှူဒါနများလည်း ပြုလုပ် သွားဦးမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

မကြာသေးခင်က ထွက်ပေါ်ခဲ့သော အထူးဆုကြီးကို ဆွတ်ခူးရရှိခဲ့သူမှာ ပုသိမ်ခရိုင်မှ ကိုမောင်မောင်ကြည် ဖြစ်ပါသည်။ သူ၊ သူ၏ဇနီး၊ သမီးသုံးယောက်နှင့် သားတစ်ယောက်တို့မှာ ဤအစီအစဉ်မှ ဆုကြီး ရရှိခြင်းကြောင့် ပျော်ရွှင်စရာကာလတစ်ခု ကြုံခဲ့ရကြောင်း ပြောပြပါသည်။ သူကဆက်လက်၍ မိသားစု သာယာမှုဘဝကိုလည်း ရရှိခဲ့ပါကြောင်း ပြောကြားပါသည်။

ထိုအထူးဆုကြီးများအပြင် တပြိုင်နက်တည်း ဒုတိယဆု (၇)ဆုကိုလည်း ချီးမြှင့်နိုင်ခဲ့ပါသည်။ ၎င်းတို့မှာ မော်တော်ဆိုင်ကယ်များဖြစ်ပြီး တန်ဖိုးအားဖြင့် - ကျပ် ၄,၅၅၀,၀၀၀/ - ရှိပါသည်။ အခြား တတိယဆု ၁၄၄ဆုမှာ "စမတ်ဖုန်း" များဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၈,၇၂၀,၀၀၀ ကိုလည်း ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ GMMမှ တက်သစ်စ အဆိုတော်တစ်ဦးလည်းဖြစ်သော Brand Presenter "Printahpuk Bhumichitra" သို့မဟုတ် "Jom" အား **GLAN MASTER** က ပွဲထုတ်ခဲ့ပါသည်။ အခမ်းအနားတွင် သူမက နာမည်ကျော် မြန်မာအဆိုတော် နီနီခင်ဇော်နှင့် တွဲဖက်ပြီး "ဗိုးရိမ်ချစ်" သီချင်းကို သီဆိုခဲ့ပါသည်။ ချစ်စရာကောင်းသော နီနီခင်ဇော်နှင့် တွဲဖက်၍ သီချင်းဆိုခွင့်ရရှိခဲ့ခြင်းမှာ သူမဘဝတွင် မမေ့နိုင်စရာ ပုံပြင်ပမာ ကာလဖြစ်ကြောင်း "Jom" က ပြောပါသည်။ မြန်မာနိုင်ငံနှင့် ပါတ်သက်၍ အမှတ်တရဖြစ်အောင် ဆောင်ရွက်ပေးသော **GLAN MASTER** အား ကျေးဇူးတင်ကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါသည်။

**GLAN MASTER** ကို ထုတ်လုပ်ခဲ့ပြီး အရည်သွေး ကောင်းသော ပစ္စည်းများကသာ တင်သွင်းကြောင်း ခိုင်မာသော အာမခံချက်ရှိသည့် - Century Beverage Co.,Ltd. က ၂၀၁၀ ခုနှစ် မှစ၍ မြန်မာနိုင်ငံ ဈေးကွက် အတွင်း ဖြန့်ချိခဲ့ပါသည်။ ထိုကုမ္ပဏီသည် ထိုင်းနိုင်ငံ အခြေဆိုက် Oishi Group မှ တင်သွင်းသော ဂျပန်နိုင်ငံမှ Organic Green Tea ဖြစ်သော Oishi Green Tea နှင့် စင်္ကာပူနိုင်ငံမှ တင်သွင်းသော 100 Plus ဓါတ်ဖြည့်အချိုရည်ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။








ဘယ်ဘက်အပေါ်ပုံ - GLAN MASTER ၏ C.E.O များမှ ကိုမျိုးဝင်းကို ငါးသိန်းဆုအပ်နေပုံ
ဘယ်ဘက်အောက်ပုံ - ကိုမောင်မောင်အေးမှ ကိုမောင်မောင်ကြည်အား ဆုပေးပွဲအခမ်းအနားတွင် လူတွေ့ပေးအပ်ခြင်းနေပုံ
ညာဘက်ပုံ - နီနီခင်ဇော်နှင့် "JOM" မှ "ဗိုးရိမ်ချစ်" သီချင်းအား တွဲဖက်သီဆိုနေပုံ

## "Jom" နှင့် သူမ၏ဂီတလမ်းကြောင်း

ဘဝတစ်လျှောက်လုံးတွင် တေးသီချင်း သီဆိုမှုကိုသာ သူမက နှစ်သက်ခဲ့ပါသည်။ သူမ၏ သီချင်းကို နားဆင်ခြင်းဖြင့် လူအများ ပိုမို ပျော်ရွှင်လာမည်ဟု မျှော်လင့်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု အီလီနွိုက် နည်းပညာ တက္ကသိုလ်မှ MBA ဘွဲ့ ရရှိပြီးသော အခါ ပထမဦးဆုံး အကြိမ် သီချင်းဆိုရန် သူမ ကြိုးပမ်းခဲ့ ပါသည်။ တေးသံရှင်တစ်ဦးဖြစ်လိုသော သူမ၏ အိပ်မက်များ အကောင်အထည် ပေါ်လာမည် လားဆို သည် ကို သိလိုလှပါသည်။ "Jom" မှာ ငယ်စဉ်ကတည်းက အဆိုတော် ဖြစ်ချင်ကြောင်း သူမ၏ မိသားစုကလည်း သိထားပါသည်။ သူမသည် တခြားဘာသာရပ်ဖြင့် ဘွဲ့ဒီဂရီ ရရန်ကြိုးပမ်းခဲ့သော်လည်း တေးသီချင်း သီဆိုမှုကို တစ်ကိုယ်တည်း စဉ်ဆက်မပြတ် လေ့ကျင့်ခဲ့ပါသည်။ "Jom" က သူမဘဝတွင် တစ်ကြိမ်တစ်ခါ စမ်းသပ်ကြည့်လိုပါသည်ဟု ပြောသောအခါ မိသားစုက နားလည်လက်ခံပြီး တက်အားသစ်မှု ကူညီခဲ့ကြပါသည်။ သူမ၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို မစတင်မီ သူမ၏ အိပ်မက်ကို အမီအရ ဆုပ်ကိုင်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ယခုအခါ သူမသည် GMM ဂရမ်မီ တံဆိပ်ရ ထိုင်းအနုပညာရှင်တစ်ဦး ဖြစ်လာပါသည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် သူမ၏ သီချင်းဖြစ်သော "Yha Tap Tan Kwan Rak Duay Kwan Song San" အား ပရိသတ်ထံ ထုတ်လွှင့်ခဲ့ပါသည်။ ထိုနှစ်အတွင်းမှာပင် သူမ၏ ပထမဦးဆုံး စင်ပေါ်မှ ဖျော်ဖြေမှုကို မြန်မာနိုင်ငံ တာချီလိတ်မြို့တွင် ပြုလုပ်ခွင့် ရရှိခဲ့ပါသည်။ ထိုမြို့တွင် GLAN MASTER မှ Marketing Director နှင့် တွေ့ဆုံခဲ့ပြီး စီမံချက်များကို သိရှိခွင့် ရခဲ့ ပါသည်။ စီမံချက်မှာ သင့်အိပ်မက်ကို ရှင်သန်စေရာGLAN MASTER ဖြစ်ပြီး သူမလက်ရှိလုပ်ဆောင်နေသည်နှင့် ဆင်တူနေပါတော့သည်။ သူမသည်လည်း အိပ်မက်နောက် လိုက်နေသူဖြစ် ပေသည်။

ထို့ကြောင့် နီနီခင်ဇော်နှင့် တွဲဖက်၍ ဗိုးရိမ်ချစ် သီချင်းကို သီဆိုခဲ့သော အထူးပွဲတွင် အိပ်မက်ကို အမိဖမ်းသူ "Jom"နှင့် နာမည်ကျော် မြန်မာအဆိုတော် နီနီခင်ဇော်တို့ နှစ်ဦးမှာ အလွန်ပင် အတွဲညီညီ သံစဉ်သီဆိုကြသဖြင့် ထူးဆန်းအံ့ဩစရာ ကောင်းလှပါသည်။

"Jom" ၏ စိတ်နှစ်လုံး မှာရှိသောလှပါသည်။ သူမချစ်မြတ်နိုးသည်ကိုသာ သူမ လုပ်ဆောင်ခဲ့ပါသည်။ စိတ်ကူးအိပ်မက်ရှိသူတိုင်းကို အားပေးလိုစိတ် ရှိပါသည်။

"သင့်အိပ်မက်ကို အကောင်အထည်ဖော်ရန် မကြောက်ပါနှင့်။ စက်ခဲကြမ်းတမ်းသောလမ်းများသည် လှပသောပန်းတိုင်သို့ ဦးတည်နေသည်ကိုလည်း မမေ့ပါနှင့်" ဟု သူမ ဘန်ကောက်မြို့ သို့ မပြန်ခင် နှုတ်ခွန်းဆက်စကား အမှာပါးခဲ့ပါသည်။



first ELEVEN SPORTS JOURNAL
NO.48 VOLUME 14 8-5-2014 THURSDAY
SUPPLEMENT
အ ချ င် ရို

# (၃)ဂိုးပြတ်ဦးဆောင်ပြီးမှ ချေပဂိုးတွေပြန်ပေးခဲ့ရတဲ့ လီဗာပူးလ်

## ပ ရီး မီး ယား လိဂ် ပွဲ စဉ် (၃၇) ပွဲ ကျန် သုံး သပ် ချက်


Photo : AFP

### ခရစ္စတယ်ပဲလေ့စ် ၃-၃ လီဗာပူးလ်

လီဗာပူးလ်အသင်းက ချန်ပီယံဆုအတွက် အရေးကြီးတဲ့ အဆုံးအဖြတ်ကာလရောက်ရှိလာချိန်မှာ နှစ်ပွဲဆက်အမှတ်လျော့ပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးခဲ့ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ချယ်လ်ဆီးကို အိမ်ကွင်းမှာရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ဘက်မန်စီးတီး ခြေချော်ဖို့ ဆုတောင်းရမယ့်အခြေအနေဖြစ်သွားခဲ့ရာက ဒီပွဲမှာ ထပ်အမှတ်လျော့ခဲ့ပြန်တာကြောင့် မျှော်လင့်ချက်ကုန်သလောက်ဖြစ်သွားခဲ့ရပါတယ်။ လီဗာပူးလ်အသင်းက လောလောလတ်လတ်ပဲ အားကစားကလောင်ရှင်တွေရဲ့အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခြင်းခံထားရတဲ့ တိုက်စစ်မှူး ဆွာရက်ဇ်နဲ့အတူ စတာရစ်ချ်ကို တွဲဖက်ပေးခဲ့ပြီး ဂျရတ်၊ စတာလင်တို့နဲ့ လူစုံနီးပါး ပွဲထွက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒါကြောင့် ဘောလုံးပိုင်ဆိုင်မှု၊ တိုက်စစ်ဖန်တီးနိုင်မှု စသဖြင့် အဖက်ဖက်မှာ အသာစီးယူကစားနိုင်ခဲ့ပါတယ်။ ပွဲချိန်(၁၈)မိနစ်မှာပဲ ကွင်းလယ်ကစားသမား ဂျိုးအလန်ရဲ့ဂိုးနဲ့ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။ ပဲလေ့စ်အသင်းအနေနဲ့ လီဗာပူးလ်အသင်းကို ဘယ်လိုမှတုံ့ပြန်နိုင်စွမ်းမရှိခဲ့ပါဘူး။ ဂိုးသမား ဂျူလီယန်စပီရိုနီသာ လက်စွမ်းပြကာကွယ်မှုတွေ မပြုလုပ်နိုင်ခဲ့ရင် စောစောစီးစီးဂိုးပြတ်သွားနိုင်တဲ့ အခြေအနေရှိခဲ့တာပါ။ ဒုတိယပိုင်းမှာလည်း လီဗာပူးလ်အသင်းက ပွဲကိုဆက်လက်စိုးမိုးနိုင်ခဲ့ပြီး (၅၃)မိနစ်မှာ စတာရစ်ချ်နဲ့ (၅၅)မိနစ်မှာ ဆွာရက်ဇ်တို့က နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့တာကြောင့် သွင်းဂိုး(၉၉)ဂိုးရှိသွားတဲ့ လီဗာပူးလ်အသင်းအတွက်ဂိုး(၁၀၀)မြောက်ကို ဘယ်သူသွင်းယူနိုင်မလဲဆိုတာပဲ စောင့်ကြည့်ရမယ့်အနေအထားဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ နည်းပြနစ်ဦးရဲ့ကစားသမားအပြောင်းအလဲပြုလုပ်မှုတွေက ပွဲကိုအံ့ဖွယ်အလှည့်အပြောင်းဖြစ်စေခဲ့ပါတယ်။ စတာလင်အစား ကော်တင်ဟိုကို ထည့်ခဲ့တဲ့လီဗာပူးလ်အသင်း ဟာကွက်တွေအများကြီးဖြစ်ပေါ်ခဲ့ပြီး ပဲလေ့စ်ရဲ့လူစားဝင်ကစားသမား ဒွိုက်ဂေးလ်က နောက်ဆုံးချေပဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်။ ပဲလေ့စ်အသင်းက ပွဲပြီးခါနီး(၁၀)မိနစ်အတွင်းမှာ ဂိုး(၃)ဂိုးဆက်တိုက်သွင်းယူသွားခဲ့တာဖြစ်ပြီး ဒီလာနေက (၇၉)မိနစ်၊ ဒွိုက်ဂေးလ်က (၈၁)နဲ့(၈၈)မိနစ်မှာ သွင်းယူခဲ့တာပါ။

### အင်္ဂါနေ့နံနက်ပိုင်းသတင်းများ

❒ အက်သလက်တီကိုတိုက်စစ်မှူး ဒီယေဂိုကော်စတာကို ချယ်လ်ဆီးအပါအဝင် ဥရောပအသင်းကြီးများက စိတ်ဝင်စားလျက်ရှိသော်လည်း မည်သည့်ကမ်းလှမ်းမှုမှမရသေးကြောင်း အက်သလက်တီကိုအသင်း ဥက္ကဋ္ဌအင်းနရစ်စီရိုကို အတည်ပြုခဲ့သည်။

❒ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ရုရှားကလပ် စပါးတပ်မော်စကိုမှအငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်လူ ကယ်လ်စထရွန်ကို လာမည့်ရာသီတွင်ခေါ်ယူတော့မည်မဟုတ်ဟု ပြောကြားခဲ့သည်။

❒ ပေါင်ခြံဒဏ်ရာကြောင့် အနားယူနေရသည့် မန်ယူတိုက်စစ်မှူး ရွန်နီသည် ကြားရက်တွင် ဟားလ်စီးတီးနှင့်ကစားမည့် ပရီးမီးယားလိဂ်ပွဲကျန်ကိုလည်း လွဲချော်ဦးမည်ဖြစ်ကြောင်းသိရသည်။

❒ ဟော်လန်နည်းပြ ဗန်ဟားလ်သည် ရာသီကုန်ဆုံးသွားပြီဖြစ်သည့် ဟော်လန်လိဂ်မှ ဟော်လန်ကစားသမား(၂၀)ဦးကို ရွေးချယ်ကာ ကမ္ဘာ့ဖလားအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

❒ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက တနင်္ဂနွေနေ့က အာဆင်နယ်ပွဲကို လာရောက်ကြည့်ရှုခဲ့သည့် နယူးကာဆယ်တိုက်စစ်မှူး ရီမီကို မိမိမဖိတ်ခဲ့ဟုဆိုခဲ့သည်။

### စီးရီးအေပွဲစဉ်(၃၆)ပွဲကျန်ရလဒ်များ

လာဇီယို ၃-၃ ဗီရိုနာ

ဂျူဗင်တပ်စ် ၁-၀ အတ္တလန်တာ

### လာလီဂါပွဲစဉ်(၃၆)ပွဲကျန်ရလဒ်

ဆိုစီဒက် ၁-၁ ဂရန်နာဒါ

## ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ် ဖလားလက်မဲ့နှစ်တိုင်း နည်းပြကိုထုတ်ပယ်ခဲ့သည့် အစဉ်အလာရှိ

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်သည် ၎င်း၏သက်တမ်းတစ်လျှောက်တွင် ဖလားလက်မဲ့နှစ်တိုင်း ရာသီကုန်တွင်နည်းပြကိုထုတ်ပယ်ခဲ့ကြောင်း ဗြိတိန်ထုတ် DailyMail က ဖော်ပြခဲ့သည်။ လက်ရှိချယ်လ်ဆီးနည်းပြ မော်ရင်ဟိုမှာ စတုတ္ထမြောက်ဖလားလက်မဲ့နည်းပြဖြစ်လာနိုင်ပြီး မိုဗစ်မထုတ်ပယ်သည့် ပထမဆုံးဖလားလက်မဲ့နည်းပြလည်း ဖြစ်လာနိုင်ကြောင်း သုံးသပ်ခဲ့သည်။ ယခင်က ဖလားလက်မဲ့ရာသီများတွင် ၂၀၀၃-၀၄ ၌ ရာနီရေးရီ၊ ၂၀၀၇-၀၈ ၌ မော်ရင်ဟို(ရာသီမကုန်မီ)နှင့် အေဗရန်ဂရန့်၊ ၂၀၁၀-၁၁ ၌ အန်ဆယ်လော့တီ တို့ကိုနည်းပြရာထူးမှ ချယ်လ်ဆီးအသင်းထုတ်ပယ်ခဲ့သည့် အစဉ်အလာရှိခဲ့ခြင်းဖြစ်သည်။

## ရိုးမားအသင်း၏ရှုံးပွဲကြောင့် ပွဲမကုန်မီ ဂျူဗင်တပ်စ်အသင်း စီးရီးအေချန်ပီယံဆု (၃)ရာသီဆက်ရရှိ

ဂျူဗင်တပ်စ်အသင်းသည် ယခုတစ်ပတ် စီးရီးအေပွဲစဉ်(၃၆)တွင် ပြိုင်ဘက်ရိုးမားအသင်း ကာတာနီယာကို ရှုံးနိမ့်ခဲ့သည့်အတွက် အတ္တလန်တာနှင့် ပွဲမကစားရသေးချိန်တွင်ပင် ချန်ပီယံဆုရရှိရန်သေချာသွားခဲ့ပြီး အတ္တလန်တာကို အနိုင်ရရှိခဲ့ပြီးနောက် ကွင်းအတွင်းအောင်ပွဲခံမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ဂျူဗင်တပ်စ်အသင်းသည် ၁၉၃၅ ခုနှစ်နောက်ပိုင်း၊ စီးရီးအေချန်ပီယံဆုကို ပထမဆုံးအကြိမ် (၃)ရာသီဆက်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး စံချိန်တင်ရမှတ်(၁၀၀)ရရှိရန်လည်း အလားအလာကောင်းနေကြောင်း သိရှိရသည်။

## အားကစားကလောင်ရှင်များမှရွေးချယ်သည့်အကောင်းဆုံးဆုကို ဆွာရက်ဇ်ရရှိ


Photo : DailyMail

လီဗာပူးလ်အသင်း၏ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာ ရက်ဇ်သည် ၂၀၁၃-၁၄ ဘောလုံးရာသီအတွက် အင်္ဂလန်အား ကစားကလောင်ရှင်များမှ ရွေးချယ်သော အကောင်းဆုံးကစားသမားဆုကို ထပ်မံရရှိသွားခဲ့ကြောင်း သိရှိရသည်။

ဆွာရက်ဇ်သည် ယခုရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လီဗာပူးလ်အသင်း ချန်ပီယံဆုကိုစိန်ခေါ်နိုင်ခဲ့ရာ၌ ခြေစွမ်းပြသွင်းဂိုးများဖြင့် ကူညီနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံးဘောလုံးသမားအဖြစ်ရွေးချယ်ခံခဲ့ရပြီးဖြစ်သည်။ ဆွာရက်ဇ်သည် ကစားသမားအချင်းချင်း မဲပေးရွေးချယ်သည့် အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပြီးနောက် ယခုအခါအားကစားကလောင်ရှင်များရွေးချယ်သော အကောင်းဆုံးကစားသမားဆုကို ထပ်မံရရှိခဲ့ခြင်းလည်းဖြစ်သည်။ FWA ဟုအမည်ရသည့် ယခုဆုအတွက် အားကစားကလောင်ရှင် (၃၀၀)ကျော်က ဆန္ဒမဲပေးခဲ့ကြပြီး ဆွာရက်ဇ်သည် ဆန္ဒမဲ(၅၂%)ရရှိကာ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ လီဗာပူးလ်အသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ဒုတိယအကောင်းဆုံးအဖြစ် ရွေးချယ်ခံခဲ့ရပြီး မန်စီးတီးကွင်းလယ်ကစားသမား ယာယာတိုရေးက တတိယအကောင်းဆုံးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေလ(၁၁)ရက်နေ့၌ လန်ဒန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

# ထိုင်းနိုင်ငံသို့ခြေစမ်းခရီးထွက်ခွာမည့် မြန်မာ့လက်ရွေးစင်အသင်း၏ နောက်ဆုံးခြေစမ်းပွဲတွင် ရောဝတီယူနိုက်တက်အသင်းနှင့် သရေကျ


မြန်မာ့လက်ရွေးစင်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ခဲ့စဉ်(ဓာတ်ပုံ - သက်ထွန်းအောင်)

ထိုင်းနိုင်ငံသို့သွားရောက်၍ လေ့ကျင့်ခြေစမ်းပွဲများ ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်တွင်း၌ နောက်ဆုံးခြေစမ်းပွဲအဖြစ် မေလ(၅)ရက်၊ ညနေပိုင်းက ရောဝတီယူနိုက်တက်အသင်းနှင့်ခြေစမ်းခဲ့ရာ (၁-၁)ဂိုးဖြင့် သရေရလဒ်ပေါ်ထွက်ခဲ့သည်။

အဆိုပါခြေစမ်းပွဲကို ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရောဝတီယူနိုက်တက်အသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို မြန်မာ့လက်ရွေးစင်အသင်းက ပြန်လည်ချေပခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမပိုင်း၌ သီဟစည်သူ၊ အောင်သိုက်၊ ရန်အောင်ဝင်း၊ ရဲဝင်းအောင်၊ ပြည့်ဖြိုးအောင်၊ ရာဇာဝင်းသိန်း၊ နေလင်းထွန်း၊ စည်သူအောင်၊ ကျော်မင်းဦး၊ ကောင်းစည်သူနှင့် ချစ်စုမိုးတို့ကိုအသုံးပြုခဲ့သည်။ ရောဝတီယူနိုက်တက်အသင်း၌ ကိုနေး၊ ကင်မ် စသည့်နိုင်ငံခြားသားများနှင့် မိုးဝင်း၊ နိုင်လင်းဦး၊ ဇော်ဇော်ဦး၊ စိုးကျော်ကျော်၊ နန္ဒလင်းကျော်ချစ် စသည့်အဓိက ကစားသမားများပါဝင်ခဲ့ပြီး ပွဲချိန်(၃၆)မိနစ်၌ နန္ဒလင်းကျော်ချစ်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်း၌ ခင်မောင်လွင်၊ ဇော်မင်းထွန်း၊ ကျော်ကိုကို၊ အေးဗစ်ဒန်း၊ မင်းမင်းသူ၊ ရန်အောင်ကျော် စသည့်အဓိကကစားသမားများပါဝင်လာပြီး ရောဝတီယူနိုက်တက်အသင်းကို ပြန်လည်ဖိအားပေးကစားနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ချေပဂိုးကို ရာဇာဝင်းသိန်းက ပွဲချိန်(၇၀)မိနစ်တွင် ပြန်လည်သွင်းယူခဲ့သော်လည်း ပွဲပြီးသည်အထိ နှစ်သင်းစလုံး ထပ်မံဂိုးသွင်းနိုင်ခြင်းမရှိ၍ (၁-၁)ဂိုးရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မေလ(၆)ရက်တွင် ထိုင်းနိုင်ငံသို့ထွက်ခွာကာ ခြေစမ်းပွဲများကစားမည်ဖြစ်သည်။

## ကွင်းလယ်ကစားသမား ဂျောင် အသင်းသို့ပြန်မရောက်သေး

နေပြည်တော်အသင်းမှ ကစားသမားတစ်ဦးဖြစ်သည့် ကိုရီးယားလူမျိုး ဂျောင်သည် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်နေရာ အသင်းသို့ပြန်လည်ရောက်ရှိခြင်းမရှိသေးကြောင်းသိရသည်။ ဂျောင်သည် ၂၀၁၂ ခုနှစ်ကတည်းက နေပြည်တော်အသင်း၌ ပါဝင်ကစားနေသူဖြစ်ပြီး အသင်း၏အမာခံကစားသမားတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။ နေပြည်တော်အသင်းသည် လာမည့် မေလ(၁၄)ရက်တွင် AFC Cup ရှုံးထွက်ပွဲစဉ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

## President's Cup ပြိုင်ပွဲတွင် မြန်မာဒိုင်(၂)ဦး ပါဝင်

ဖိလစ်ပိုင်နိုင်ငံ၌ မေလ(၆)ရက်မှ(၁၀)ရက်အထိ ကျင်းပမည့် AFC President's Cup ပြိုင်ပွဲ၏ အုပ်စု(ခ)တွင် မြန်မာဒိုင်(၂)ဦး သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါမြန်မာဒိုင်(၂)ဦးမှာ ဦးဝင်းချို့နှင့် ဦးအောင်မိုးတို့ဖြစ်ပြီး ပြိုင်ပွဲတွင် ဖိလစ်ပိုင်ကလပ် ဆီးရက်စ်အသင်း၊ တာ့ခ်မင်နစ္စတန်ကလပ် အက်ဂါဘတ်အသင်း၊ တရုတ်(တိုင်ပေ)ကလပ် တက်တောင်အသင်းနှင့် မြောက်ကိုရီးယားကလပ် ယင်ယောင်ဆုအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာဒိုင်လူကြီးများအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်များမှကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲများသို့ နှစ်စဉ်သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရလျက်ရှိကြောင်းလည်း သိရသည်။

## Asia Champions Trophy U-16 ပြိုင်ပွဲတွင် မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်မည်

မလေးရှားဘောလုံးအဖွဲ့ချုပ်နှင့် Frenz United တို့ ပူးပေါင်းကျင်းပသော ၂၀၁၄ Asia Champions Trophy U-16 ပြိုင်ပွဲကို လာမည့်မေလ(၁၆)ရက်၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၁၆ အသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲမှာ အရှေ့တောင်အာရှဒေသတွင်းမှနိုင်ငံများ ဘောလုံးအားကစားနည်း၌ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှေ့တောင်အာရှနှင့် အာရှမှလူငယ်လက်ရွေးစင်အသင်းများ၊ လူငယ်ကလပ်အသင်းများကို ဖိတ်ခေါ်ကာ ကျင်းပပြုလုပ်သည့်ပြိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲကျင်းပသည့်ပုံစံမှာ အိမ်ကွင်း၊ အဝေးကွင်းယှဉ်ပြိုင်စေသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ၂၀၁၄ ခုနှစ်ပြိုင်ပွဲတွင် စုစုပေါင်းအသင်း(၁၂)သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

## မြန်မာ့အကောင်းဆုံးအားကစားသမားဆုနှင့် အားကစားသမားဟောင်းများဂုဏ်ပြုပွဲ ကျင်းပမည်

၂၀၁၃ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံးအားကစားသမားများဆု ချီးမြှင့်ခြင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်များရရှိခဲ့သည့် အားကစားသမားဟောင်းများကို ဂုဏ်ပြုမည့် အခမ်းအနားတစ်ရပ်အား လာမည့်မေလ(၁၀)ရက်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံးအားကစားသမားဆုများချီးမြှင့်ရာတွင် အမျိုးသားအကောင်းဆုံးအားကစားသမားဆု၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆု၊ နည်းပြဆုတို့အပြင် အသင်းလိုက်ဆုများကိုပါ ပေးအပ်ရန်စီစဉ်ထားကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဒုတိယခြေစမ်းပွဲတွင် ကွမ်ကျိုးအမျိုးသမီးအသင်းကို အနိုင်ရ


ဓာတ်ပုံ - သက်ထွန်းအောင်

၂၀၁၄ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံသို့သွားရောက်ကာ လေ့ကျင့်ခြေစမ်းပွဲများယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ဒုတိယခြေစမ်းပွဲ၌ ကွမ်ကျိုးအမျိုးသမီးအသင်းကို (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါခြေစမ်းပွဲကို မေလ(၃)ရက်နေ့က ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန်(၆၀)မိနစ်တွင် မေသူကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ကွမ်ကျိုးအမျိုးသမီးအသင်းနှင့် ပထမခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်စဉ်ကလည်း (၃-၂)ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့၌ ခြေစမ်းပွဲများကစားပြီးနောက် မေလ(၆)ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ယှဉ်ပြိုင်ပွဲ၌ တောင်ကိုရီးယား၊ တရုတ်၊ ထိုင်းအသင်းတို့နှင့်အတူ အုပ်စုတစ်ခုတည်းကျရောက်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မေလ(၁၅)ရက်တွင် တောင်ကိုရီးယား၊ မေလ(၁၇)ရက်တွင် တရုတ်၊ မေလ(၁၉)ရက်တွင် ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပွဲစဉ်များကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပမည်ဖြစ်သည်။